# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
## (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးရှိတဲ့အနက် ၃၃၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၇၉.၀၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၇) ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများကို လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးဖြစ်ပါတယ်။ တက်ရောက်တဲ့ကိုယ်စားလှယ်က ၃၃၉ ဦးဖြစ်ပြီးတော့ ယနေ့ခွင့်ပန်ကြားသူစုစုပေါင်း ၈၅ ဦး ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၈၅ ဦးအနက် ယခင်က ခွင့်ပန်ကြားသူ ၂၆ ဦးရှိပြီးတော့ ယနေ့ ခွင့်ပန်ကြားသူ ၅၉ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၂) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၃) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၄) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၆) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၇) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၈) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၉) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၁၀) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၁၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၂) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၁၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၁၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၁ ရက်၊

(၁၅) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁ ရက်၊

(၁၆) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၁ ရက်၊

(၁၇) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်၊

(၁၈) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၂၀) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၂၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၂၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၂၃) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၂၄) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၂၅) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၂၆) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၇) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၂၈) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၂၉) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၃၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၃၁) ပဲခူးမဲဆန္ဒနယ်မှ ဦးကျင်သိန်း ခွင့် ၁ ရက်၊

(၃၂) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၃၃) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၃၄) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၃၆) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်၊

(၃၇) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၃၈) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၃၉) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၄၀) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၄၁) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၁ ရက်၊

(၄၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၄၃) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၄၄) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၄၅) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၄၆) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၄၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၄၈) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၄၉) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၅၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၅၁) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၅၂) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၁ ရက်၊

(၅၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၅၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၁ ရက်၊

(၅၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွဋ် ခွင့် ၁ ရက်၊

(၅၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၅၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၅၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်နှင့်

(၅၉) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြိုတင်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု၊ ထန်းကုန်းအနောက်ဘက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးလက်မီးလင်းရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသမီးလင်းရေးနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ထန်းကုန်းအနောက်ဘက်ကျေးရွာဟာ အိမ်ခြေ ၁၅၀ ခန့်ရှိပြီး လူဦးရေ ၇၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ လက်ရှိအနေအထားမှာဆိုလို့ရှိရင် ကျောင်းရှစ်ဆယ် ကပေါင်းဒေသကနေပြီးတော့ တစ်မိုင်ခန့်ကွာဝေးတဲ့ ထန်းကုန်းဘုန်းတော်ကြီးကျောင်းအရောက် 315 KV ကနေပြီးတော့ ကျွန်တော် Single Line တစ်ခုသွယ်တန်းထားပြီးဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများကလည်း ဘေးပတ်ဝန်းကျင်အကုန်လုံး မီးလင်းနေပြီးတော့ ထန်းကုန်းအနောက်ဘက်ကျေးရွာမှာဆိုလို့ရှိရင် လျှပ်စစ်မီးမရရှိသေးပါဘူး။ ဒါကြောင့်မို့လို့ သူတို့ကနေပြီးတော့ ယာယီကော်မတီ ကျေးလက်မီးလင်းရေးမှူး ၂၄ ချက်နှင့်အညီ ယာယီကော်မတီဖွဲ့ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ထန်းကုန်းအနောက်ဘက်ကျေးရွာအား လျှပ်စစ်မီးလင်းရေးအတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ မေးခွန်းများနဲ့စပ်လျဉ်းပြီးတော့ အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု၊ ထန်းကုန်းအနောက်ကျေးရွာကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်း ရေးမှာ ကျွန်တော်တို့ 200 KVA ထရန်စဖော်မာတစ်လုံးထိုင်ပြီးတော့ 11 KV လိုင်းတစ်လိုင်း တစ်မိုင်ခန့်သွယ်တန်းလျက် ကျေးရွာအတွင်းသို့ ၄၀၀ ဗို့အားလိုင်း ၁.၅ မိုင်သွယ်တန်းမည်ဆိုလို့ရှိရင် စုစုပေါင်းခန့်မှန်းကုန်ကျငွေကတော့ ၆၄.၂ သန်းလောက် ကုန်ကျမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူး တိုင်းဒေသကြီးအတွင်းမှာ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းတွေရဲ့အခြေအနေတင်ပြပါ့မယ်။ ကျွန်တော် တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းပြင်ပမှာရှိ တဲ့ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းအတွင်းမှာ မြို့ပေါင်း ၈ မြို့၊ ကျေးရွာပေါင်း ၈ ရွာ အကျိုးပြုအိမ်ခြေ ၇၈၃ အိမ်အတွက် ဆိုလာမီးလင်းရေးလုပ်ငန်းများကို ခွင့်ပြုငွေကျပ်သန်း ၁၅၆.၆ သန်းနဲ့ဆောင်ရွက်နိုင်ရန် ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ခွင့်ပြုငွေများလည်း လွှဲပြောင်းပေးအပ်ထားခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ၂၀၁၃-၂၀၁၄ ငွေလုံးငွေရင်းဖြည့်စွက်မှာ ကျွန်တော်တို့ မြို့နယ် ၄ ခု၊ ကျေးရွာ ၅ ခု၊ အိမ်ခြေပေါင်း ၁၂၁၄ ခု၊ ဆိုလာမီးလင်းရေး၊ ဇီဝလောင်စာ ဖြင့် မီးလင်းရေးအတွက်ကိုလည်း လျာထားပြီးတော့ တင်ပြထားတာရှိပါတယ်။ အဲ့ဒီတော့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှမေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ကျေးရွာမီးလင်းရေး လိုအပ်ချက်များကို ဦးစားပေးအလိုက် ကျေးရွာများဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များကပြုစုပြီး တော့ မြို့နယ်အဆင့် အထောက်အကူပြုအဖွဲ့က စိစစ်ထောက်ခံပြီးတော့ ၎င်းမှတစ်ဆင့် တိုင်းဒေသ ကြီးအစိုးရအဖွဲ့ကနေပြီးတော့ တင်ပြတောင်းခံထားလို့ရှိရင် ကျွန်တော်တို့ ဆက်လက်တင်ပြပြီးတော့ နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ လျာထားတောင်းခံသွားမှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် မှာတော့ အဆိုပါမေးမြန်းတဲ့ အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ထန်းကုန်းကျေးရွာ အနောက်မှာမီးလင်းရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာငွေလျာထားထားခြင်းမရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**သာယာဝတီမြို့နယ်၊ အလယ်ကုန်း-ဖိုးခေါင်လမ်းအား ကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာယာဝတီမြို့ရှိ အလယ်ကုန်း-ဖိုးခေါင်လမ်းအား ကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်ရေးနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာယာဝတီခရိုင်၊ သာယာဝတီမြို့ရှိ အလယ်ကုန်း-ဖိုးခေါင်လမ်းဟာ သာယာဝတီမြို့နဲ့ သုံးဆယ်မြို့အကြား ရန်ကုန်-ပြည်လမ်းနဲ့ ဖိုးခေါင်ကျေးရွာ မြစ်မခ မြစ်ကမ်းပါးနှင့်ဆက်သွယ်သော လမ်းဖြစ်ပြီးတော့ ပေအရှည် ၄ မိုင်နဲ့ ၅ ဖာလုံရှိပါတယ်။ မြေသားဂဝံ လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ ယခင်ဗြိတိသျှလက်ထက်က ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့သော လမ်းဖြစ်ပါတယ်။ သို့ရာတွင် အချိန်ကြာမြင့်လာသည်နှင့်အမျှ လမ်းမှာပျက်စီးပြီးတော့ ချိုင့်များ၊ အနိမ့်အမြင့်များနဲ့ လမ်းမညီညာမှုကြောင့် သွာလာမှုလွန်စွာခက်ခဲပြီး သွားရေးလာရေးမှာ နှောင့်နှေး ကြန့်ကြာမှုများဖြစ်နေရပါတယ်။ လမ်းအကျယ်မှာ ၁၂ ပေနဲ့ ၁၅ ပေရှိပြီးတော့ တာပုံစံအမြင့်ဖြစ်ပါ တယ်။ ၎င်းလမ်းကို မြို့နယ်စည်ပင်သာယာမှတာဝန်ယူထားသော်လည်းပဲ မြို့နယ်စည်ပင် သာယာရန်ပုံ ငွေဖြင့် သာယာဝတီမြို့နှင့် သုံးဆယ်မြို့ နှစ်မြို့ခွဲဝေသုံးစွဲနေရတဲ့အတွက်ကြောင့်မို့လို့ ၎င်းလမ်းကို မြို့နယ်စည်ပင်သာယာမှ ပြုပြင်နိုင်စွမ်းမရှိပါဘူး။ အလယ်ကုန်း-ဖိုးခေါင်လမ်းကိုသုံးစွဲတဲ့ အုပ်စုတွေ ဟာ ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာ ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၅၂ ရွာ၊ လူဦးရေ ၃၀၀၀၀ သန်းခန့် အသုံးပြုမှု၊ သွားလာမှုများသောလမ်းဖြစ်ပါတယ်။ ၎င်းလမ်းကိုပြုပြင်ပေးပါက ဒေသခံထွက်ကုန် ပစ္စည်းများဖြစ်တဲ့ ကိုင်းနဲ့လယ်ယာထွက်ကုန်သီးနှံများ၊ ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံအပြင် ရေလုပ် ငန်းများဖြစ်တဲ့ အင်းလုပ်ငန်း၊ ငါးကန်လုပ်ငန်းများဖြစ်တဲ့ ကုန်စည်စီးဆင်းမှု ဒေသခံပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးကိစ္စများအပြင် အထက်ကျောင်း၊ တိုက်နယ် ဆေးရုံ၊ ရဲစခန်း၊ ရဲကင်းများလည်းရှိတဲ့အတွက် မြို့နှင့်ဆက်သွယ်သွားလာမှု ကုန်စည်စီးဆင်းမှု အချိန် နှင့်တစ်ပြေးညီ လွယ်ကူချောမွေ့စွာသွားလာနိုင်မည်ဖြစ်ပါတယ်။ ၎င်းလမ်းအပြင် ဒေသဖွံ့ဖြိုးတိုးတက် မှုကို အမှန်မြန်ဆန်ခံစားစေမည်ဖြစ်တဲ့အတွက် ပြည်သူများက အလယ်ကုန်း-ဖိုးခေါင်လမ်းအား ကတ္တရာလမ်းအဖြစ် ပြန်လည်ခင်းပေးပါရန် တောင်းဆိုလျက်ရှိကြပါတယ်။ သို့ပါ၍ အလယ်ကုန်း-ဖိုးခေါင်လမ်းအား နိုင်ငံတော်မှ ကတ္တရာလမ်းအဖြစ်ခင်းပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနဲ့ ကတ္တရာလမ်း

ခင်းပေးမည်ဆိုပါက မည်သည့်အချိန်တွင် ခင်းပေးမည်ကို ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်းခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် အလယ်ကုန်း-ဖိုးခေါင်လမ်းဟာ ရန်ကုန်-ပြည်လမ်းသာယာဝတီမြို့နှင့် သုံးဆယ်အကြားကနေပြီးတော့ ဖိုးခေါင်ကျေးရွာသို့ ဆက်သွယ်ထားသောလမ်းလည်းဖြစ်ပါတယ်။ အဆိုပါလမ်းကို ရပ်ကွက် ၂ ကွက်၊ ကျေးရွာအုပ်စု ၁၁ စု၊ ကျေးရွာ ၅၂ ရွာမှ လူဦးရေ ၃၀၀၀၀ အသုံးပြုလျက်ရှိပါတယ်။ အလယ်ကုန်း-ဖိုးခေါင်လမ်းမှာ အရှည် ၄မိုင်နဲ့ ၅ ဖာလုံ၊ အကျယ် ၁၀ ပေရှိပြီးတော့ ၂ မိုင်ကတော့ ဂဝံလမ်းပျက်ဖြစ်ပြီးတော့ ကျန်တဲ့ ၂မိုင်နဲ့ ၅ ဖာလုံကတော့ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကို ကတ္တရာလမ်းဆောင်ရွက်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေ ၄၇၃.၆၀ သန်းခန့်ကုန်ကျမယ်လို့ တွက်ချက်ရရှိပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ လမ်းလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးမှုအခြေအနေကို တင်ပြပါ့မယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ယခုနှစ်ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်သန်းပေါင်း ၆၀၆၉.၁၅၊ ၆ ဘီလီယံ ၆.၀၉ ဘီလီယံ ကတ္တရာလမ်းအားဖြင့် ၃၃ မိုင်နဲ့ ၆ ဖာလုံခွဲ၊ ကျောက်လမ်းအားဖြင့် ၂၄ မိုင်နဲ့ ၁ ဖာလုံ၊ မြေသားလမ်းအဖြစ် ၇၃ မိုင်၊ ခရိုင်ဆက်လမ်းပြင်ဆင်ထိန်းသိမ်းရေးအတွက် ကျပ် ၁၁၇.၁၆ သန်း၊ သစ်သားတံတား ၁၅၂၉ ပေနှင့် ရေပြွန် ပေ ၇၀၀ တို့ကို လျာထားပြီးတော့ ခွင့်ပြုပြီးလည်းဖြစ်ပါတယ်။ ထို့အပြင် ပဲခူးတိုင်းအတွင်းမှာ သာယာဝတီမြို့နယ်အတွင်းမှာ ဆောင်ရွက်ပေးရမယ့်လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၄၃၁.၅ သန်းဖြင့် ကျွန်တော်တို့ လမ်းများ ကိုလျာထားခွင့်ပြုထားတာရှိပါတယ်။ အဲ့ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ အလယ်ကုန်း-ဖိုးခေါင်လမ်း ကတ္တရာခင်းခြင်း

ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေမှာထည့်သွင်း လျာထားခြင်းမရှိပါကြောင်းနဲ့ ကျေးရွာကနေပြီးတော့ လိုအပ်ချက်များတင်ပြခဲ့လို့ရှိရင် ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့က စာရင်းပြုစုပြီးတော့ ဦးစားပေးအလိုက်စာရင်းပြုစုပြီးတော့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့နဲ့ စိစစ်ပြီးတော့ တိုင်းဒေသကြီးအစိုးရမှတင်ပြပြီးတော့ ဆက်လက် ကျွန်တော်တို့ နီးစပ်ရာဘဏ္ဍာရေးနှစ်မှာလျာထားပြီးတော့ တောင်းခံပေးမှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ပုံငွေလျာထားခြင်းမရှိပါကြောင်း လေးစားစွာ ဖြေကြားအပ် ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မဒေးကျွန်းဒေသတွင် တရုတ်နိုင်ငံပိုင် CNPC ကုမ္ပဏီနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းလုပ်ဆောင် နေသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ မြစ်တွင်းရေလမ်းကြောင်း ရှင်းလင်းမှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့လွှတ်တော်မှာ ကျွန်တော့်အနေနဲ့ သဘာဝပတ်ဝန်းကျင်ကို စက်မှုပတ်ဝန်း ကျင်အဖြစ်နဲ့ ပြုပြင်ပြောင်းလဲလိုက်တဲ့အတွက်ကြောင့် မူလဒေသခံတွေထိခိုက်နစ်နာမှုတွေရှိလာတာ တွေရယ်၊ ဒီလိုထိခိုက်နစ်နာမှုတွေမှုတွေအတွက် မူလဒေသခံတွေကို ဘယ်လိုကူညီဖြေရှင်းကြမလဲ။ ဘယ်သူတွေက ဘယ်လိုအဆင်ပြေအောင် ကူညီဖြေရှင်းကြမလဲဆိုတာနဲ့ပတ်သက်ပြီးတော့ လွှတ်တော် ကိုမေးခွန်းတင်သွင်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်ဖြူမြို့နယ်၊ မဒေးကျွန်းဒေသမှာ တရုတ်နိုင်ငံပိုင် CNPC ကုမ္ပဏီက စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူလုပ်ကိုင်ပြီး ရခိုင်ပြည်နယ် ရွှေသဘာဝ ဓာတ်ငွေ့ သိုက်ကထွက်တဲ့ သဘာဝဓာတ်ငွေ့ကိုသန့်စင်ဖို့အတွက် ကျောက်ဖြူမြို့ရဲ့ အနောက်တောင်ဘက် ၇ မိုင်လောက်ကွာတဲ့ မလိုက်ကျွန်းကျေးရွာမှာ သဘာဝဓာတ်ငွေ့သန့်စင်စက်ရုံတည်ဆောက်ထားပါ တယ်။ ဒီစက်ရုံကထွက်ရှိတဲ့ သန့်စင်ပြီးဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့တင်ပို့ပါတယ်။ နိုင်ငံခြားမှ တင်သွင်းလာတဲ့ ရေနံစိမ်းတွေကို တရုတ်နိုင်ငံသို့ တင်ပို့ဖို့အတွက် ရေနံတင်ပို့ဖို့ဆိပ်ကမ်းတစ်ခု

ကိုလည်း ကျောက်ဖြူမြို့အရှေ့ဘက် ၁၀ လောက်အကွာမှာရှိတဲ့ မဒေးကျွန်းဒေသမှာ တည်ဆောက်နေပါတယ်။ မလိုက်ကျွန်းကျေးရွာမှာရှိတဲ့ သဘာဝဓာတ်ငွေ့သန့်စင်စက်ရုံကထွက်တဲ့ သန့်စင်ပြီးဓာတ်ငွေ့တွေကို ဒီဓာတ်ငွေ့တွေနဲ့ နိုင်ငံခြားတိုင်းပြည်တွေကရောက်လာတဲ့ ရေနံစိမ်းတွေကို တရုတ်နိုင်ငံသို့ ပိုက်လိုင်းတွေကတစ်ဆင့် တင်ပို့မှာဖြစ်ပါတယ်။ ဒီလိုတင်ပို့နိုင်ဖို့အတွက် မဒေးကျွန်းဒေသမှာ တရုတ်နိုင်ငံ ယူနမ်ပြည်နယ်အထိ ဓာတ်ငွေ့ပိုက်လိုင်းရယ်၊ ရေနံပိုက်လိုင်းရယ် သွယ်တန်းထားပြီးပါ ပြီ။ ပိုက်လိုင်းတွေသွယ်တန်းတဲ့အတွက် ကျောက်ဖြူမြို့နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိဒေသများက မြေများကို သိမ်းယူခဲ့တာတွေရှိပါတယ်။ မြေသိမ်းမှုတွေအတွက် လျော်ကြေးငွေရကြပေမယ့်လည်း ဒေသတိုင်းမှာ ကျေနပ်မှုမရှိတဲ့အတွက်ကြောင့် မကျေနပ်တာတွေပေါ်ထွက်နေတာ ကျွန်တော်တို့ကြားသိနေရပါတယ်။ ပိုက်လိုင်းတွေ မြှုပ်နှံဖို့အတွက် တူးဖော်လိုက်တဲ့မြေကြီးတွေက ဘေးတစ်ဖက်တစ်ချက် လယ်မြေတွေကို ဖုံးလွှမ်းသွားတဲ့အတွက် လယ်လုပ်ကွက်တွေပျက်စီးသွားတာလည်း ရှိပါတယ်။ အဲဒီလိုပျက်စီးဆုံးရှုံးသွားတဲ့ လယ်မြေတွေအတွက် ဆုံးရှုံးမှု ထိုက်တန်တဲ့လျော်ကြေးတွေ မရရှိကြတာလည်း ကျွန်တော်တို့သိရပါတယ်။ ဒီဆုံးရှုံးမှုများဟာ မဒေးကျွန်းဒေသမှာလည်းရှိပါတယ်။ မဒေးကျွန်းဒေသမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဖြတ်သန်းဖို့အတွက် မြေသိမ်းတာ ရေနံဆိပ်ကမ်းတည်ဆောက်ဖို့နဲ့ အခြားလုပ်ငန်းတွေအတွက် မြေသိမ်းတာတွေရှိပါတယ်။ ရေနံဆိပ်ကမ်းတည်ဆောက်ခြင်းအတွက် ရေလမ်းကြောင်းအတားအဆီးတွေကို ဖျက်စီးရပါတယ်။ အဲဒီလို ဖျက်စီးလိုက်တဲ့အတွက်ကြောင့်တစ်ကြောင်း၊ ပင်လယ်ကူးသင်္ဘောကြီးတွေ ဝင်ထွက်သွားလာနိုင်အောင်ဆိုပြီးတော့ နေရာပေးရတဲ့ နေရာဆုံးရှုံးမှုတွေတို့ကြောင့် ဒေသခံပြည်သူတွေရဲ့ ငါးဖမ်းလုပ်ကွက်တွေ ပျက်စီးဆုံးရှုံးသွားပါတယ်။ ဒါကြောင့် မဒေးကျွန်းဒေသက လယ်သမားတွေ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတွေဆုံးရှုံးသွားရသလိုပဲ ရေလုပ်သားတွေဟာလည်း ငါးဖမ်းလုပ်ကွက်တွေမရှိတဲ့အတွက်ကြောင့် အလုပ်လက်မဲ့တွေဖြစ်သွားကြရပါတယ်။ ဒီဒေသမှာ တည်ဆောက်နေတဲ့ စက်ရုံနဲ့ လုပ်ငန်းတွေမှာ ဘဝအာမခံချက်ရှိတဲ့အလုပ်အကိုင်တွေကိုလည်း ဒေသခံတွေမရရှိကြပါဘူး။ မဒေးကျွန်းဒေသခံတွေဟာ သူတို့ရဲ့ နစ်နာဆုံးရှုံးမှုတွေကို မကျေနပ်တဲ့အတွက်ကြောင့် ဒေသအုပ်ချုပ်ရေးအဖွဲ့မှာ မိမိတို့ရဲ့ လိုလားချက်တွေကို တင်ပြတောင်းဆိုဖို့အတွက် ဆန္ဒပြဖို့ခွင့်တောင်းခဲ့ရပါတယ်။ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေနဲ့ မိမိတို့ဆောင်ရွက်နိုင်စွမ်းရှိသလောက် ဆောင်ရွက်ပေးကြတာတွေတော့ ရှိပါတယ်။ သို့သော် မပြေလည်မှုများလည်းရှိပါတယ်။ ဒေသခံပြည်သူတွေက မိမိတို့လိုလားချက်တွေကို ဆန္ဒဖော်ထုတ်ဖို့ လျှောက်ထားခဲ့ကြပါတယ်။ အဲဒီလိုလျှောက်ထားတဲ့အခါ ခွင့်ပြုချက်မရတဲ့အတွက်

ကြောင့် ခွင့်ပြုချက်မရှိဘဲနဲ့ ၁၈-၄-၂၀၁၃ ခုနှစ်မှာ ခွင့်ပြုချက်မရှိဘဲ ဆန္ဒထုတ်ဖော်တဲ့အတွက် ကြောင့် မဒေးကျွန်းကျေးရွာမှာရှိတဲ့ ရွာ ၄ ရွာက ကိုထွန်းကြည်ပါ ရွာသား ၁၀ ဦးကို စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ အရ ကျောက်ဖြူမြို့နယ် တရားရုံးပြစ်မှုကြီးအမှတ် (၁၁၂/၂၀၁၃) မှာ တရားစွဲဆိုခဲ့ပါတယ်။ အခုတော့ ကိုထွန်းကြည်ပါ ၁၀ ဦးကို ပြီးခဲ့တဲ့ ၂၆-၉-၂၀၁၃ နေ့ကပဲ ထောင် ၃ လစီချလိုက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ (က) နဲ့ (ခ)မှာ နိုင်ငံသားတိုင်းသည် မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောဆိုခွင့်၊ စီတန်းလှည့်လည်ခွင့်တို့ရှိကြောင်း ပြဋ္ဌာန်းထားသော်လည်းပဲ စီတန်းလှည့်လည်ခြင်းနှင့် သက်ဆိုင်သည့်ဥပဒေပုဒ်မ ၁၈ နဲ့ဆန့်ကျင်တဲ့အတွက်ကြောင့်ဆိုပြီးတော့ ကျွန်တော်တို့ မဒေးကျွန်းဒေသက ဒေသခံပြည်သူတွေအပြင် အခြားဒေသတွေမှာလည်း တရားစွဲဆိုထောင်ချခံရတာတွေအများအပြားရှိနေကြောင်း ကြားသိရပါတယ်။ ဒီဆန္ဒထုတ်ဖော်မှုနှင့် တစ်ဆက်တည်းဆက်စပ်ပြီးတော့ ကျွန်တော့်ရဲ့လုပ်ဆောင်ချက်တစ်ခုကိုလည်း မေးခွန်းတင်ပြလွှာမှာမပါပေမယ့် ကြုံကြိုက်လို့ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မဒေးကျွန်းဒေသမှာ အခုကိစ္စနှင့် တစ်ဆက်တစပ်တည်း ကျွန်တော်တို့ကြုံခဲ့ရတဲ့ အတွေ့အကြုံတစ်ခုကတော့ ကျွန်တော်တို့ ဒီပြီးခဲ့တဲ့ ဧပြီလ လွှတ်တော်နားတဲ့အချိန် ကျွန်တော် ကျောက်ဖြူမြို့ကိုပြန်ရောက်သွားပါတယ်။ ပြန်ရောက်သွားတော့ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့တွေ့တဲ့အခါ မဒေးကျွန်း ဒေသခံတွေဆန္ဒပြဖို့ တောင်းဆိုတယ်။ မြို့နယ်၊ ခရိုင်တို့ကခွင့်ပြုချက်မပေးနိုင်တဲ့အခြေအနေနဲ့ ကြုံရတဲ့အတွက်ကြောင့် ဒါတွေကို လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဘာများကူညီဆောင်ရွက်ပေးနိုင်မလဲလို့ ကျွန်တော့်ကို ဆွေးနွေးခဲ့တဲ့အတွက်ကြောင့် ကျွန်တော်က မြို့နယ်အုပ်ချုပ်ရေးမှူးရယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရယ် နောက်အလုပ်သမား၊ ရေလုပ်ငန်းတို့နဲ့ဆိုင်တဲ့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို လိုက်ပါစေပြီးတော့ မဒေးကျွန်းကိုသွားရောက်ခဲ့ပါတယ်။ သွားရောက်ပြီးတော့ ဒေသခံတွေနဲ့တွေ့ဆုံတဲ့အခါ မဒေးကျွန်းဒေသခံတွေရဲ့ တောင်းဆိုချက် ၉ ချက်၊ ဒီ ၉ ချက်ကတစ်ထိုင်တည်းနဲ့ဖြေရှင်းလို့ မရနိုင်တာ တွေ့ရတဲ့အတွက်ကြောင့် ဆန္ဒပြတောင်းဆိုချင်တဲ့အကြောင်းအရာတွေဟာ တစ်ထိုင်တည်းနဲ့ဖြေရှင်းလို့ရနိုင်တဲ့ အခြေအနေမရှိတဲ့အပြင် လွှတ်တော်ကလည်း မနေ့က ကျွန်တော်ဆွေးနွေးတဲ့ မဒေးကျွန်း လျှပ်စစ်မီးလင်းရေးအပါအဝင် အဲဒီလိုကိစ္စတွေဟာ လွှတ်တော်က ဆောင်ရွက်ပေးရမယ့် ကိစ္စတွေလည်းရှိနေတဲ့အတွက်ကြောင့် ညှိနှိုင်းဖြေရှင်းလို့ရှိရင်တော့ ပိုပြီးတော့

အဆင်ပြေနိုင်တယ်လို့ ဆွေးနွေးခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ ဆန္ဒပြမှုဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် အခုလို တရားစွဲ၊ ထောင်ကျခဲ့တာဖြစ်ကြောင်းလည်း ဆက်စပ်တင်ပြလိုပါတယ်။

ယခုလို ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်ပြီးတော့ ဦးထွန်းကြည်ပါ ၁၀ ဦးကို တရားစွဲဆိုပြီးတော့ ထောင်ချလိုက်တဲ့အတွက်ကြောင့် ဒေသခံတွေကြုံတွေ့နေရတဲ့ ပြဿနာတွေကို ဖြေရှင်းပေးလိုက်တဲ့ အဖြေတော့မဟုတ်ပါဘူး။ ဒီလိုအရေးယူလိုက်တာကို ခြိမ်းခြောက်အနိုင်ကျင့်တယ်လို့ပဲ ဒေသခံတွေက ခံစားကြရတာ ကျွန်တော်တို့တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့တော့ တရားစွဲဆိုခြင်းဟာ မှားတယ်လို့ တော့မပြောလိုပါဘူး။ ဒါပေမယ့် ထောက်ခံအားပေးမှုမပြုလိုပါဘူး။ တရားစွဲလိုက်ရုံနဲ့ မဒေးကျွန်းမှာ ရှိနေကြတဲ့ ဒေသခံပြည်သူတွေရဲ့ ဘဝအာမခံချက်ရရှိရေးအထောက်အပံ့ရရှိရေးကို အထောက်အပံ့ မပြုနိုင်။ ဒေသခံများရဲ့ လိုအပ်ချက်ကို ဖြေရှင်းနိုင်တဲ့နည်းလမ်းမဟုတ်လို့ပဲ ကျွန်တော့်အနေနဲ့က ထောက်ပြလိုခြင်းဖြစ်ပါတယ်။ မဒေးကျွန်းဒေသမှာ တရုတ်နိုင်ငံပိုင် CNPC ကုမ္ပဏီနဲ့ နိုင်ငံတော် အစိုးရတို့ အကျိုးတူပူးပေါင်းမှုဖြင့် လုပ်ငန်းများလုပ်ကိုင်နေကြပါတယ်။ ဒေသခံပြည်သူများ အမှန် တကယ်မှီခိုအားထားအသက်မွေးဝမ်းကြောင်းပြုနေကြတဲ့ လယ်ယာ၊ ဥယျာဉ်ခြံမြေနှင့် အခြားမြေများ၊ ငါးဖမ်းလုပ်ကွက်များပျက်စီးဆုံးရှုံးသွားကြတာတွေကို CNPC ကုမ္ပဏီနဲ့ နိုင်ငံတော်အစိုးရ တာဝန်ရှိ အဖွဲ့အစည်းတွေက နားလည်လက်ခံဖို့လိုပါတယ်။ မင်းတို့ရွာမှာ ငါတို့က ဆေးခန်းဆောက်ပေးတယ်။ စာသင်ကျောင်းအသစ်တွေဆောက်ပေးထားတယ်။ ဘာလုပ်ပေးထားတယ်။ ညာလုပ်ပေးထားတယ်လို့ ပြောရုံနဲ့ ဒီကိစ္စတွေ ပြေလည်သွားမှာမဟုတ်ပါဘူး။ အဲဒီလို ပြောဆိုလိုက်တာကို ဒေသခံတွေက သူတို့ကိုစော်ကားတယ်လို့ပဲ ခံစားကြရတယ်လို့တုံ့ပြန်ပြောဆိုမှုတွေ ကျွန်တော်တို့ကြားရပါတယ်။ ဒီအခက်အခဲတွေကို ဖြေရှင်းတဲ့နည်းလမ်းကို ကျွန်တော်တို့ရှာဖို့လိုပါတယ်။ ဒါကြောင့် ဒေသခံများရဲ့ ဘဝရပ်တည်ရေးအတွက် အာမခံရှိတဲ့ သို့မဟုတ် အထောက်အပံ့ဖြစ်တဲ့အစီအမံတွေကို ဆောင်ရွက် ပေးသင့်ပါတယ်။ အဲဒါကြောင့် ဒီနေ့လွှတ်တော်ကြီးမှာ ကျွန်တော်တို့ မေးခွန်း ၃ ခုမေးမြန်းလိုပါတယ်။ မေးခွန်းတွေကတော့ နံပါတ်(၁) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် မဒေးကျွန်းဒေသတွင် တရုတ်နိုင်ငံ ပိုင် CNPC ကုမ္ပဏီနှင့် နိုင်ငံတော်အစိုးရက သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံစိမ်းတင်ပို့မှုလုပ်ငန်း၊ ရေနံဆိပ်ကမ်းတည်ဆောက်မှုလုပ်ငန်း၊ မြစ်တွင်းရေကြောင်းလမ်းရှင်းလင်းမှုလုပ်ငန်း စသည် တို့ကြောင့် ဒေသခံပြည်သူများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် အခြားမြေများကို သိမ်းဆည်း ခဲ့ရပြီး မြစ်တွင်း သဘာဝငါးဖမ်းကွက်များ၏ မူလအနေအထားများကိုလည်း ပြောင်းလဲမှုများ၊ ရေလမ်း ကြောင်းအပြောင်းအလဲများ ပြုလုပ်ခဲ့ရသည်ဆိုသည်မှာ မှန်သလား။ နောက်နံပါတ်(၂) ကတော့

လုပ်ငန်းများအတွက် သိမ်းဆည်းသည့် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် အခြားမြေများ လက်လွှတ်ဆုံးရှုံးခဲ့ကြရသည့် ဒေသခံတောင်သူလယ်သမားများအတွက် လုံလောက်သည့် လျော်ကြေးငွေများ အမှန်တကယ် ထုတ်ပေးပြီးဖြစ်ပါသလား။ ထုတ်ပေးလို့ရှိရင် မည်ကဲ့သို့နည်းလမ်းများဖြင့် ထုတ်ပေးခဲ့ပါသနည်း။ နောက် နံပါတ်(၃) အချက်ကတော့ ဒေသခံများရဲ့ ဘ၀အာမခံချက်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် မည်ကဲ့သို့အစီအမံများ ဆောင်ရွက်ပေးပါမည်နည်းဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊စွမ်းအင်ဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများအား ကျွန်တော် လျှပ်စစ်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဖြေကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

မေးခွန်းအမှတ်(၁) ဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် မဒေးကျွန်းဒေသတွင် CNPC ကုမ္ပဏီနှင့် နိုင်ငံတော်အစိုးရက သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံစိမ်းတင်ပို့မှုလုပ်ငန်း၊ ရေနံဆိပ်ကမ်းတည်ဆောက်မှုလုပ်ငန်း၊ မြစ်တွင်းရေကြောင်းလမ်းရှင်းလင်းမှုလုပ်ငန်းစသည်တို့ကြောင့် ဒေသခံပြည်သူများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် အခြားမြေများကို သိမ်းယူခဲ့ရပြီး မြစ်တွင်း သဘာဝငါးဖမ်းကွက်များ၏ မူလအနေအထားများကိုလည်း ပြောင်းလဲမှုများ၊ ရေလမ်းကြောင်း အပြောင်းအလဲများပြုလုပ်ခဲ့ရသည်ဆိုသည်မှာ မှန်သလားမေးခွန်းအတွက် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းအား ၂၀၀၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မဒေးကျွန်းရေနံတင်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းမှာလည်း အရှေ့တောင်အာရှရေနံပိုက်လိုင်းစီမံကိန်း၏ အစိတ်အပိုင်းအဖြစ်ပါဝင်ခဲ့ပါတယ်။

အဆိုပါ ရေနံတင်ဆိပ်ကမ်းကို ဝင်ရောက်ဆိုက်ကပ်မယ့် ရေစူး ၂၇ မီတာနှင့် တန်ချိန် ၃၀၀၀၀၀ ဆံ့ ရေနံတင်သင်္ဘောများ ဝင်ထွက်နိုင်ရန်အတွက် ရေလမ်းကြောင်းအတွင်းမှာ ရေစူးအနက် ၂၇ မီတာ

မရှိသောနေရာများအား သတ်မှတ်ရေလမ်းကြောင်းအနက်ရရှိအောင် ဆောင်ရွက်ခြင်းသာဖြစ်သဖြင့် ရေလမ်းကြောင်းပြောင်းလဲခြင်း၊ သဘာဝငါးဖမ်းကွက်များရဲ့ မူလအနေအထားများပြောင်းလဲခြင်း များမရှိပါကြောင်းနှင့် ဒေသခံရေလုပ်သားများအနေဖြင့် ရေလမ်းကြောင်း လွတ်ကင်းရေပြင်များမှာ ကျားပိုက်၊ ကျောက်ကပ်ပိုက်၊ မျှောပိုက်ကိရိယာများဖြင့် ငါးဖမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်လျက် ရှိပါတယ်။ မဒေးကျွန်းမှ ရေလုပ်သားများအနေဖြင့် ယခင်ကာလများကတည်းကပင် တစ်နှစ်ပတ်လုံး မဒေးကျွန်းအနီးတစ်ဝိုက်တွင်သာ အမြဲတမ်းငါးဖမ်းစီးခြင်းမျိုးမဟုတ်ဘဲ ငါးအထိအမိ ရာသီချိန်ပေါ် တွင်မူတည်၍ အခြားနေရာများသို့ ပြောင်းရွှေ့ငါးဖမ်းဆီးလေ့ရှိပါတယ်။ ယခုအခါမှာ ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မဒေးကျွန်းငါးဖမ်းကွက်အား ယခင်က တင်ဒါစနစ်ဖြင့် ဆောင်ရွက် ခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဘုံငါးဖမ်းကွက်အဖြစ်သို့ပြောင်းပြီး ဖြေလျှော့ သတ်မှတ်ပေးခဲ့ပြီးဟု သိရှိပါကြောင်း မေးခွန်းအမှတ်(၁)အားရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ် (၂) ဖြစ်သော လုပ်ငန်းများအတွက် သိမ်းဆည်းတဲ့လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် အခြားမြေများ လက်လွတ် ဆုံးရှုံးခဲ့ကြရသည့် ဒေသခံတောင်သူလယ်သမားများအတွက် လုံလောက်သည့် လျော်ကြေးများကို အမှန်တကယ်ထုတ်ပေးပြီးဖြစ်ပါသလား၊ ထုတ်ပေးပြီးဖြစ်ပါက မည်ကဲ့သို့ နည်းလမ်းများဖြင့် ထုတ်ပေး ခဲ့ပါသနည်း မေးခွန်းအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းဆောင်ရွက်ရာမှာ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် အခြားမြေတို့ကို လုပ်ငန်းလိုအပ်ချက်အရ၊ အမြဲတမ်းသိမ်းယူခြင်းနှင့် ယာယီသိမ်းယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာမှာ သီးနှံလျော်ကြေးကို အမြဲတမ်းသိမ်းယူခြင်းအတွက် ၅ နှစ်စာ၊ ယာယီသိမ်းယူခြင်းအတွက် ၃ နှစ်စာလျော်ကြေးတွက်ချက်ပေးလျော်ပါတယ်။ ပိုက်လိုင်း စီမံကိန်း မြေယာရရှိရေးနှင့် မြေယာသီးနှံလျော်ကြေးပေးနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရဲ့ ၁၇-၂-၂၀၁၀ ရက်စွဲပါစာအမှတ်၊ ၄၂၅(၁)/၃-၂/နယက ဖြင့်ဖွဲ့စည်းတာဝန် ပေးအပ်ထားတဲ့ စွမ်းအင်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြေ စာရင်းဦးစီးဌာနနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ သက်ဆိုင်ရာ တောင်သူများပါဝင်တဲ့အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီးတော့ မြေတိုင်းတာခြင်း၊ စိုက်ပျိုး သီးနှံစာရင်းကောက်ယူခြင်း၊ မြေယာသီးနှံလျော်ကြေးအတွက် ဈေးနှုန်းသတ်မှတ်ခြင်း၊ မြေဧက သတ်မှတ်ခြင်းများအား စနစ်တကျဆောင်ရွက်ခဲ့ပါတယ်။ လျော်ကြေးပေးရာမှာ စိုက်ပျိုးတဲ့ သီးနှံ

အမျိုးအစားနဲ့ သီးထပ်စိုက်ပျိုးနိုင်မှုအပေါ်မှာမူတည်ပြီးတော့ လျော်ကြေးငွေ ကွာခြားမှုရှိပါတယ်။ မြေယာလျော်ကြေးအနေနဲ့ ပျမ်းမျှ တစ်ဧကလျှင် ရခိုင်ပြည်နယ်မှာ ၂၁ သိန်း၊ သီးနှံလျော်ကြေးအနေနဲ့ ပျမ်းမျှတစ်ဧကလျှင် ရခိုင်ပြည်နယ်မှာ ၃.၈၅ သိန်းဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းမှာ ရခိုင်ပြည်နယ် အတွင်း ၂၀၁၀ မှ ၂၀၁၄ အထိ အမြဲတမ်းမြေယာသီးနှံလျော်ကြေးပေးအပ်မှုမှာ ကျပ်သန်းပေါင်း ၄၀၂၀.၂၃၄ ဖြစ်ပါတယ်။ ယာယီမြေယာသီးနှံလျော်ကြေးပေးအပ်မှုအနေဖြင့် ကျပ်သန်းပေါင်း ၆၂၃.၅၇ ပေးလျော်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အမြဲတမ်းနှင့် ယာယီမြေယာသီးနှံလျော်ကြေးစုစုပေါင်း ကျပ်သန်းပေါင်း ၄၆၄၃.၈၀၄ ပေးလျော်ခဲ့ပြီဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှာ အမြဲတမ်းသိမ်းဆည်းခဲ့တဲ့ လယ်မြေ ၁၈၉.၂၃ ဧက၊ ဥယျာဉ်မြေ ၁၃၀.၁၄ ဧက၊ တောင်ယာမြေ ၀.၅၇ ဧက၊ ကိုင်းခ‌ေ ၂.၉၂ ဧကတို့အတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၁၂၁၁၀၆၁၉၅၄.၂၅ တိတိလည်းကောင်း၊ ယာယီဆိမ်းဆည်းခဲ့တဲ့ လယ်မြေ ၁၈.၅၀ ဧက၊ ဥယျာဉ်မြေ ၅၆.၉၉ ဧက၊ ဝတ္တကမြေ ၉.၃ ဧကတို့အတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၁၄၈၆၀၂၆၀၅.၂၅ တိတိကိုလည်းကောင်း၊ တောင်သူတစ်ဦးချင်းစီရဲ့ လက်ထဲကို စာချုပ်ချုပ်ဆိုပြီး သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများမှာ အခမ်းအနားဖြင့် တိုက်ရိုက်ပေးလျော် ပါတယ်။ လျော်ကြေးပေးအခမ်းအနားများကို ဗီဒီယိုမှတ်တမ်းတင်ခြင်း၊ ဗီဒီယိုမှတ်တမ်းမတင်နိုင်တဲ့ နေရာများမှာ ဓါတ်ပုံမှတ်တမ်းတင်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ခဲ့ပါတယ်။

ဎင်းအပြင် စီမံကိန်းလုပ်ငန်းများအတွက် မြေသိမ်းဆည်းခံရမှုမရှိသော်လည်းပဲ ပိုက်လိုင်းလမ်း ကြောင်းတစ်လျှောက်ဖောက်လုပ်မှုနှင့် စက်ရုံတည်ဆောက်မှုများမှ ထွက်ရှိလာတဲ့ မြေစာများဟာ မိုးရာသီမှာ ရွှံ့ရည်အဖြစ် အနီးဝန်းကျင်လယ်မြေအတွင်းသို့စီးဝင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော တောင်သူလယ်သမားများရဲ့ လယ်မြေများအား ကွင်းဆင်းစစ်ဆေးပြီး ၂၀၁၂ ခုနှစ် မိုးရာသီအတွင်း ပျက်စီးခဲ့တဲ့တောင်သူ ၃၉၁ ဦးအတွက် လျော်ကြေးငွေကျပ် ၈၅၄၅၀၃၈၀ တိတိအားပေးလျော်ခဲ့ပြီးဖြစ် ပါတယ်။ ဎင်းအပြင် ယခုနှစ် ၂၀၁၃ ခုနှစ် မိုးတွင်းကာလမှာ အလားတူထိခိုက်တဲ့ တောင်သူ ၅၁၁ ဦးအနက် ကျောက်ဖြူမြို့နယ်မှာ တောင်သူ ၃၀၂ ဦးရဲ့ လယ်ယာမြေ ၁၄၅.၅ ဧကအတွက် လျော်ကြေးငွေ ၆၃၉၂၃၇၇၂.၅ တိတိကို ယခုလ ၉ ရက်နှင့် ၁၀ ရက်နေ့များမှာ ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမမှာ လျော်ကြေးငွေပေးအပ်ပြီး ဖြစ်ပါတယ်။ ကျန်အမ်းမြို့နယ် တောင်သူ ၂၀၉ ဦးရဲ့ လယ်ယာမြေ ၆၁.၁၁၂ ဧကအတွက် လျော်ကြေးငွေ ၃၇၄၃၄၅၇၄ တိတိကိုလည်း နိုင်ဝင်ဘာလအတွင်းပေးချေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် အမ်းမြို့နယ်မှ လယ်ယာမြေပျက်စီးကြောင်း ထပ်မံတင်ပြလာတဲ့ တောင်သူ ၂၆၇ ဦးရဲ့ လယ်ယာမြေ ၁၀၃.၁၂၂ ဧကအတွက် လျော်ကြေးငွေ ၁၀၂၁၈၂၉၆၉ တိတိကို စိစစ်ပြီးအမြန်ဆုံး ပေးလျော်နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မီတာ ၃၀ အကျယ်ရှိ ရေနံနှင့်သဘာဝဓါတ်မြေ့ ပိုက်လိုင်းလမ်းကြောင်းမြေ (Right of Way) အား အမြဲတမ်းလျော်ကြေး ပေးသိမ်းဆည်းထားသော်လည်း ပိုက်လိုင်းများ မြေပြန်လည်မြှုပ်ပြီးနောက်၊ ၎င်းမြေပေါ်မှာ အဆောက် အဦဆောက်လုပ်ခြင်းနှင့် နှစ်ရှည်သီးနှံပင်စိုက်ပျိုးခြင်းတို့မှလွဲပြီးတော့ စပါး၊ ပြောင်း၊ နှမ်းအစရှိတဲ့ ရာသီသီးနှံပင်များ စိုက်ပျိုးရန်လည်းခွင့်ပြုထားပါကြောင်း မေးခွန်းအမှတ်(၂)အား ရှင်းလင်းဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်(၃) ဖြစ်သော ဒေသခံများရဲ့ ဘဝအာမခံချက်ရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် မည်ကဲ့သို့အစီအမံ များကို ဆောင်ရွက်ပေးနိုင်ပါမည်နည်းကို သိရှိလိုကြောင်း မေးခွန်းအတွက် အလုပ်အကိုင်အခွင့် အလမ်းနှင့်ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်း များတွင် မြန်မာနိုင်ငံသားများကိုသာ ခန့်ထားရန်၊ မြန်မာနိုင်ငံသားများ လုပ်ငန်းကျွမ်းကျင်မှုရှိရန် အတွက် သင်တန်းများ၊ လက်တွေ့လုပ်ငန်းများဆောင်ရွက်နိုင်ရေးစီစဉ်ပေးရန်၊ လုပ်ငန်းဆောင်ရွက်တဲ့ ပထမ ၂ နှစ်မှာ ကျွမ်းကျင်မြန်မာနိုင်ငံသား ၂၅ ရာခိုင်နှုန်းခန့်အပ် တာဝန်ပေးရန်၊ ဒုတိယ ၂ နှစ် အတွက် ကျွမ်းကျင်မြန်မာနိုင်ငံသားအနည်းဆုံး ၅၀ ရာခိုင်နှုန်းခန့်အပ်တာဝန်ပေးရန်၊ တတိယ ၂ နှစ် မှာ ကျွမ်းကျင်မြန်မာနိုင်ငံသား အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်အပ်တာဝန်ပေးရန်ကို သက်ဆိုင်ရာ ကုမ္ပဏီများသို့ အသိပေးအကြောင်းကြားထားပြီးလည်း ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကုမ္ပဏီကလည်း ဒေသခံလုပ်သားများကို လုပ်ငန်းကျွမ်းကျင်မှုစံနှုန်းအပေါ်မှာမူတည်ပြီး လက်ရှိအခြေအနေထိ အလုပ်သမား ၁၄၅၀ ဦးကို သုံးစွဲခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့သော်လည်း ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်တဲ့အတွက် ဒေသခံအလုပ်သမား ၁၃၇ ဦးသာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ မဒေးကျွန်းဒေသခံများ အလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများ၊ ကျောက်ဖြူမြို့နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မဒေးကျွန်းပေါ်ရှိ ဒေသခံအလုပ်သမားအဖွဲ့အစည်းများ ညှိနှိုင်းပြီးတော့ အခြေခံလုပ်အားခ တစ်နာရီလျှင် ကျပ် ၅၀၀ နှုန်းဖြင့် အလုပ်ချိန် တစ်နေ့ ၈ နာရီအတွက် ကျပ် ၄၀၀၀ သတ်မှတ်ထားပြီး တစ်နေ့ အလုပ်ချိန် ၈

နာရီထက်မိနစ်အနည်းငယ် ပိုမိုလုပ်ကိုင်ရပါက ၁ နာရီစာ လုပ်အားခအပြည့်ပေးချေရန် သတ်မှတ်ထားပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်လာပါက မဒေးကျွန်းဒေသခံအလုပ်သမားများအား ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးလည်းဖြစ်ပါတယ်။ ၎င်းအပြင် ဒေသအတွင်းမှ ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များ ထွက်ပေါ်လာစေရေးအတွက် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်မှာ ပိုက်လိုင်းသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ရေးစီမံ ဆောင်ရွက်လျက်ရှိပြီး အဆိုပါသင်တန်းဆင်း လုပ်သားများအား ကျွမ်းကျင်လုပ်သား ပညာရှင်များအဖြစ် ပိုက်လိုက်စီမံကိန်းမှာ တာဝန်ပေးအပ်ခန့်ထားမည်ဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် မဒေးကျွန်းဒေသခံများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ရက်တိုများ ဖွင့်လှစ်ပေးပြီး သင်တန်းဆင်းလုပ်သားများအား ကျွမ်းကျင်လုပ်သားပညာရှင်များအဖြစ် ပိုက်လိုင်းစီမံကိန်းမှာ တာဝန်ပေးအပ်ခန့်ထားနိုင်ရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမေးမြန်းတဲ့ မေးခွန်း (၃) ခု အနက်က နံပါတ်(၁)မေးခွန်းထဲမှာပါရှိတဲ့ ဒီမဒေးကျွန်းဒေသမှာ ရေလမ်းကြောင်းတွေ၊ ငါးဖမ်းကွက်တွေပျက်စီးတယ်ဆိုတာနဲ့ပတ်သက်လို့ အနည်းငယ်ပြန်လည်တင်ပြလိုပါတယ်။ ရေလမ်းကြောင်းနဲ့ ပတ်သက်လို့ မပြောင်းနဲ့ဆိုရင်လည်း ကျွန်တော်တို့ လက်ခံလို့ရပါတယ်။ သို့သော် ဒီရေလမ်းကြောင်း ရှင်းလင်းတဲ့အတွက်ကြောင့် မူလသဘာဝရှိတဲ့ ငါးဖမ်းကွက်တွေမှာ ကျောက်ဆောင်၊ ကျောက်တုံးတွေ ရှိတယ်။ ဒီကျောက်တုံးတွေကိုဖြိုခွဲပစ်လိုက်တယ်။ နောက်တစ်ခါ ပင်လယ်ကူးသင်္ဘောကြီးတွေ ဒီငါးဖမ်းကွက်ထဲမှာ အမြဲတမ်းလိုလို ဆိုက်ကပ်နေတဲ့အတွက်ကြောင့် ငါးဖမ်းကွက်တွေအမှန်တကယ် ပျက်စီးဆုံးရှုံးသွားတယ်ဆိုတာကို ဝန်ကြီးဌာနအနေနဲ့ လက်မခံလိုတဲ့သဘောကို ဖြေကြားနေတာလားဆိုတာ တစ်ချက်လေးသိချင်လို့ ပြန်လည်မေးမြန်းခြင်းဖြစ်ပါတယ်။

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ရေနံတင်ဆိပ်ကမ်းကို ဝင်ရောက်ဆိုက်ကပ်မယ့် သင်္ဘောကြီးများဟာ ရေစူးအနေနဲ့ ၂၇ မီတာရှိဖို့လိုအပ်သလို သင်္ဘောကြီးများဟာလည်းပဲ တင်ပြခဲ့တဲ့အတိုင်း တန်ချိန် ၃၀၀၀၀၀ ဆံ့တဲ့ ရေနံတင်သင်္ဘောကြီးများ ဝင်ရောက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရေလမ်းကြောင်းရှင်းလင်းတဲ့နေရာမှာ ပင်လယ်ကြမ်းပြင်ကိုပဲ ရေစူး ၂၇ မီတာရောက်အောင် မပြည့်တဲ့နေရာတွေအတွက်ပဲရွေးချယ်ပြီးတော့ ရှင်းလင်းသွားတာဖြစ်ပါတယ်။ အဲဒီလိုပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ခုနက မေးမြန်းသွားတဲ့အထဲမှာ ကျွန်တော်ဖြေ

ကြားသွားတဲ့ အထဲမှာလည်းပဲ ပါဝင်ပါတယ်။ ရေလမ်းကြောင်းအတွင်းမှာ ဒီသင်္ဘောကြီးများဝင်ရောက်လာတဲ့အတွက်ကြောင့်မို့လို့ ရေလုပ်သားများအနေနဲ့ အထိုက်အလျောက်အားဖြင့် အခက်အခဲရှိမယ်ဆိုတာကိုလည်း ကျွန်တော်တို့အနေနဲ့ နားလည်လက်ခံနိုင်ပါတယ်။ သို့သော်လည်းပဲ လုပ်ငန်းတွေရဲ့ ဆောင်ရွက်နေတဲ့ သဘာဝအရ ဘေးအန္တရာယ်ကင်းရှင်းရေးဟာလည်း အင်မတန်မှပဲ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်နိုင်တဲ့လုပ်ငန်းများဖြစ်တဲ့ ရေလမ်းကြောင်း ပြင်ပတွေမှာ လွတ်လပ်စွာငါးဖမ်းနိုင်အောင်လို့အတွက်လည်းပဲ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန အနေနဲ့ ယခင်တင်ဒါစနစ်များကို မဆောင်ရွက်တော့ဘဲနဲ့ ဘုံငါးဖမ်းစနစ် မိမိကြိုက်နှစ်သက်တဲ့ နေရာမှာ လွတ်လွတ်လပ်လပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက်လည်း ဖြေလျှော့ထားခဲ့ပြီး ဖြစ်ပါကြောင်းပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် ဖွဲ့စည်းခြင်းမပြုရသေးသော ဘေးအန္တရာယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ (Safety Management Committee) ကိုဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုတက်ရောက်လာသောပုဂ္ဂိုလ်များ၊ ရွှင်လမ်းချမ်းမြေ့ကြပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး ဖြစ်ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မြန်မာ့ပင်လယ်ပြင် ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းဟာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရတနာသိုက်ကြီး ဖြစ်ပါတယ်။ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်သည့်လုပ်ငန်းများကို စိတ်ဝင်စားလို့ လေ့လာတဲ့အခါမှာ နိုင်ငံတော်အတွက် တင်ပြသင့်တဲ့ အချက်တစ်ချက်ကိုတွေ့ရ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာနအား မြန်မာနိုင်ငံကမ်းလွန် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးဖော်ရေးလုပ်ငန်းကို ပြည်ပကုမ္ပဏီစက်သုံးခုနှင့် စုစုပေါင်း လုပ်ကွက် ဧရိယာ ၂၆ ကွက်ကို စာချုပ်များချုပ်ဆို၍ ဆောင်ရွက်နေပါတယ်။ ကျန်ရှိတဲ့လုပ်ကွက်ဧရိယာ ၁၀ ကွက်ကို ပြည်ပကုမ္ပဏီများနှင့် ဆက်လက်ဆောင်ရွက်ညှိနှိုင်းနေတာကိုလည်း တွေ့ရပါတယ်။ အဲဒီ

ကမ်းလွန်ရေနံလုပ်ငန်းများဆောင်ရွက်ရာမှာ ကြပ်မတ်ကွပ်ကဲဖို့အတွက် စွမ်းအင်ဝန်ကြီးဌာနမှ ဆပ်ကော်မတီ ၄ ခု ဖွဲ့စည်းဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ပထမကတော့ Technical Sub Committee၊ နောက်ဒုတိယကတော့ Procurement Sub Committee၊ တတိယကတော့ Accounting Sub Committee နဲ့ နောက်ဆုံးကတော့ Petroleum **Capsulation** Sub Committee ဆိုပြီးတော့ ကျွန်တော်တို့ ကော်မတီ ၄ ခုနဲ့ ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ ဒါပေမယ့် အဓိကဦးစားပေးဆောင်ရွက်ရမယ့် Safety Management Committee ကိုတော့ ဖွဲ့စည်းဆောင်ရွက်ခြင်းမပြုတာကို ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရာမှာ မမျှော်လင့်ဘဲ ယိုစိမ့်မှုတွေ၊ ပေါက်ကွဲလောင်ကျွမ်းမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဆိုးရွားတဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ၊ ရေနေသတ္တဝါများပြုန်းတီးမှုတွေ၊ ရေနံလုပ်သားတွေသေဆုံးမှုနှင့် နိုင်ငံတော်အတွက်နစ်နာမှုများစွာ ရှိလာနိုင်ပါတယ်။ ကျွန်တော်တို့ ပြည်ပနိုင်ငံများရဲ့ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်းကို ကျွန်တော်လေ့လာတဲ့အခါမှာ ဘေးအန္တရာယ်ကာကွယ်တားဆီးရေးကို အဓိကဦးစားပေးပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ကျွမ်းကျင်သူများနဲ့ စိစစ်ရေးအဖွဲ့တွေဖွဲ့တယ်။ ဥပဒေနဲ့လုပ်ငန်းညွှန်ကြားချက်တွေ ထုတ်ပြန်တယ်။ အဆင်အမြဲ နေ့စဉ်လိုလိုကြီးကြပ်ပြီးတော့ ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

အဲ့ဒါကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းနှစ်ခုကို မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ မေးခွန်းနံပါတ် (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ရေးလုပ်ငန်းများမှာ ဖွဲ့စည်းခြင်းမပြုရသေးတဲ့ ဘေးအန္တရာယ်လုံခြုံစီမံခန့်ခွဲမှုကော်မတီ Safety Management Committee ကို ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း (၂) အစီအစဉ်မရှိပါက ကမ်းလွန်ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများအတွက် ဘေးအန္တရာယ်စိစစ်ရေး ဆောင်ရွက်ထားမှုများကို သိရှိလိုပါ၍ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ

မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး၏ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများမှာ ဖွဲ့စည်းခြင်း မပြုရသေးသော ဘေးအန္တရာယ် လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ (Safety Management Committee) ကိုဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ အတွက် ဘေးအန္တရာယ် လုံခြုံရေးစီစဉ်ဆောင်ရွက်ထားရှိမှုများကို သိလိုသည့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအတွက် ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဆက်လက်ဖြေကြား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ (Safety Management Committee) ကို လက်ရှိကာလမှာ ယင်းအမည်ဖြင့် ဖွဲ့စည်းထားခြင်းမရှိသေးသော်လည်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် နည်းပညာဆိုင်ရာ Technical Sub Committee၊ စံချိန်စံညွှန်းမီ ပစ္စည်းဖြည့်တင်းရေး Procurement Sub Committee နှင့် Accounting Sub Committee များ ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာကော်မတီများရဲ့ ပူးပေါင်းကြီးကြပ်ကွပ်ကဲမှုဖြင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိကာလမှာ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ၌ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးအစီအစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ဆက်လက်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများအား နိုင်ငံခြားရေနံကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်သူ Operator အနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိပြီး၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှာလည်း အစုဝင်တစ်ဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံခြားရေနံကုမ္ပဏီများသည် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သော သက်ဆိုင်ရာလုပ်ငန်းများအတွက် မြန်မာနိုင်ငံရဲ့ ချမှတ်ကျင့်သုံးလျက်ရှိသော ဥပဒေများကိုလည်းကောင်း၊ နိုင်ငံတကာမှာ လိုက်နာကျင့်သုံးလျက်ရှိတဲ့ သက်ဆိုင်ရာချမှတ်ထားသော မူဝါဒများနဲ့ နည်းဥပဒေများကိုလည်းကောင်း လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်နေသော Operator ကုမ္ပဏီများအနေနဲ့ နိုင်ငံတကာစံညွှန်းများအတိုင်း (Safety Management

Plan) များရေးဆွဲကာ Safety တာဝန်ခံများ၊ မန်နေဂျာများမှ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများအား ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းခွင်အတွင်း Safety နှင့် ကိုက်ညီမှုရှိ/မရှိ လိုအပ်သောစစ်ဆေးမှုများကို နေ့စဉ်ပြုလုပ်ပြီး မှတ်တမ်းတင်ခြင်း၊ နေ့စဉ်၊ အပတ်စဉ် Safety Meeting များပြုလုပ်ကာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်ရာဝန်ထမ်းအားလုံး အစည်းအဝေးမှာ ပါဝင်ဆွေးနွေးခြင်း၊ တွေ့ရှိလာတဲ့အားနည်းချက်များ ထောက်ပြခြင်း၊ ပြုပြင်ရမယ့်ကိစ္စများအား ဝိုင်းဝန်းပြုပြင်စေခြင်းဖြင့် Health, Safety & Environment (HSE) တာဝန်ခံများမှကြီးကြပ်ကာ ဆောင်ရွက်ပေးရပါတယ်။ ကုမ္ပဏီများမှ အသုံးပြုနေသော ရဟတ်ယာဉ်များမှလည်း အရေးပေါ် အခြေအနေများ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရန် ကြိုတင်လေ့ကျင့်ပျံသန်းမှုများ ပုံမှန်ဆောင်ရွက်ရပါတယ်။ Sub-Contractor များမှလည်း လုပ်ငန်းခွင်အသုံးပြုမယ့် စက်ကိရိယာများကြံ့ခိုင်မှု၊ စိတ်ချရမှုအတွက် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိအောင် ဆောင်ရွက်ထားရပြီး ပုံမှန်စစ်ဆေးမှုများကိုလည်း ပြုလုပ်ရပါတယ်။

ယင်းဆောင်ရွက်ချက်များနှင့် လုပ်ငန်းခွင်မှာတွေ့ကြုံရတဲ့ အခြေအနေများကို ၆ လတစ်ကြိမ်ပြုလုပ်တဲ့ Technical Committee Meeting မှာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အပါအဝင် အစုဝင်ကုမ္ပဏီများ အားလုံးဟာ Operator ရဲ့ Safety Officer မှ မှတ်တမ်းအချက်အလက်များဖြင့် ရှင်းလင်းတင်ပြကာ ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်လျက်ရှိတဲ့အပြင် လက်ရှိကမ်းလွန်ရေနံလုပ်ငန်းခွင်မှာလုပ်ကိုင်နေကြတဲ့ လုပ်သားများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်လည်း အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ကမ်းလွန်ရေနံကုမ္ပဏီများမှာ တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းများအား လုပ်ငန်းခွင်မဝင်မီမှာ ရေနံကုမ္ပဏီများမှ ကျန်းမာရေးစစ်ဆေးစေခြင်း၊ Safety Training များပြုလုပ်ပြီး သက်ဆိုင်ရာအောင်လက်မှတ်ရရှိမှသာ လုပ်ငန်းခွင်သို့ ဆောင်ရွက်ခွင့်ရှိပါတယ်။ လုပ်ငန်းခွင်မှာ ကျန်းမာရေးအတွက် ဆရာဝန်တစ်ဦးအမြဲရှိပြီး၊ တစ်စုံတရာဖြစ်ပေါ်ပါက လိုအပ်သလို စစ်ဆေးမှုခံယူကာ ကုသပေးခြင်း၊ ပင်လယ်ပြင်မှာဆောင်ရွက်နိုင်မယ့် အခြေအနေမရှိပါက ကုန်းပေါ်သို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခြင်းများလည်း ပြုလုပ်ပေးပါတယ်။

လုပ်ငန်းခွင်မှာ သတ်မှတ်ထားသော Personal Protection Equipment (PPE) ဝတ်စုံများ ဖြစ်တဲ့ ဦးထုပ်၊ ဖိနပ်၊ လက်အိတ်၊ ဝတ်စုံ၊ မျက်မှန်၊ နားအဆို့ စတဲ့သက်ဆိုင်ရာလုပ်ငန်းအပေါ်မှာမူတည် ပြီး သတ်မှတ်ထားတဲ့ (PPE) များကို အမြဲဝတ်ဆင်ပြီးမှ ဆောင်ရွက်ရပါတယ်။ လုပ်ငန်းခွင်မှာ နေရာ များသတ်မှတ်ပြီး ခွင့်ပြုထားသောနေရာအထိသာ တာဝန်ရှိသူမှအပ ကျန်လူများ ဝင်/ထွက်ခြင်း မပြုရ ပါ။ အန္တရာယ်ရှိမှုပြ အမှတ်အသားများထားရှိခြင်းနှင့် အန္တရာယ်ကင်းအောင် ဆောင်ရွက်ရမယ့် နည်းလမ်းများအား ညွှန်ကြားပြသထားရှိပါတယ်။

ပင်လယ်ပြင်ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်သောအားဖြင့် စွန့်ပစ်အမှိုက် များအားလည်း အဆင့်အတန်းခွဲခြားကာ နိုင်ငံတကာမှာကျင့်သုံးလျက်ရှိတဲ့ နည်းစနစ်များအတိုင်း စနစ်တကျ စွန့်ပစ်ခြင်း၊ အခြားအန္တရာယ်ရှိ ဓာတုပစ္စည်းများစွန့်ပစ်ခြင်းကို သတ်မှတ်ချက်များအတိုင်း စနစ်တကျ စွန့်ပစ်ခြင်းများဆောင်ရွက်ကြရပါတယ်။ အန္တရာယ်ရှိတဲ့ပစ္စည်းများ ပင်လယ်ပြင်ကို စွန့်ပစ် မှုမပြုလုပ်ရန်လည်း အထူးတားမြစ်ထားပါတယ်။ အသုံးပြုသော စက်ဆီ၊ ချောဆီများ ယိုဖိတ်မှု အတွက်လည်း အထူးလေးစားလိုက်နာရန် စံနှုန်းများသတ်မှတ်ညွှန်ကြားထားပြီးတော့ ဖြစ်ပေါ်လာပါ က အရေးပေါ်ဆောင်ရွက်နိုင်ရန် ပစ္စည်းကိရိယာများ၊ အသုံးအဆောင်များ ထားရှိဆောင်ရွက်ရပါ တယ်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ထိခိုက်မှုများမဖြစ်ပေါ်စေရန်အတွက် ပင်လယ်ပြင် မှာရှိတဲ့ ပလပ်ဖောင်းများ၊ တွင်းတူးစက်များနှင့် သင်္ဘောများပေါ်မှာ မိုးလေဝသအခြေအနေများအား လည်း နေ့စဉ်မှတ်တမ်းတင်စောင့်ကြည့်ပြီးတော့ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ဘေးကင်း ရာကို ကြိုတင်ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပါတယ်။ ပင်လယ်ပြင်မှာ အရေးပေါ်အခြေအနေ ဖြစ် ပေါ်လာပါက ဆောင်ရွက်ရမယ့် အစီအစဉ်များကို ဝန်ထမ်းအားလုံးအား ညွှန်ကြားရှင်းလင်းပြသထား ပြီးတော့ အရေးပေါ်ဆက်သွယ်ရမယ့်ပုဂ္ဂိုလ်၊ တာဝန်များခွဲခြားထားပြီး၊ မိမိတို့အတွက် သတ်မှတ်ထား တဲ့စုရပ်နှင့် Life Boat များအတိုင်းစီးနင်းနိုင်ရန် Muster Station များ သတ်မှတ် ခြင်း၊ Life Boat များအား ပုံမှန်စစ်ဆေးမှုများပြုလုပ်ခြင်း၊ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရ မည့်နည်းလမ်းများကို သက်ဆိုင်ရာအဖွဲ့ငယ်များဖြင့် ကြိုတင်လေ့ကျင့်မှုများ အပတ်စဉ် ပြုလုပ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ပြည်ပကုမ္ပဏီများအား ကုန်းတွင်းလုပ်ကွက်များချထားပေးရာတွင် နတ်မောက်မြို့နယ်ပါဝင်သင့်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအလေးထားဆောင်ရွက်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့လာရောက်ပြီးတော့လေ့လာတဲ့သူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးဖြစ်ပါတယ်။ ၃၀-၈-၂၀၁၃ ရက်နေ့ထုတ်တဲ့ ပြည်ထောင်စုနေ့စဉ်သတင်းစာမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက် ၁၈ ကွက်အတွက် ပြည်ပကုမ္ပဏီ ၂၆ ခုအဆိုပြုလွှာတင်ပြဆိုတဲ့ သတင်းရေးသားသူ ဆူးဇေယျာရဲ့သတင်းမှာ လုပ်ကွက် ၁၈ ကွက် စံနှုန်းသတ်မှတ်ချက်အောင်မြင်သောနိုင်ငံခြားကုမ္ပဏီ ၅၄ ခုအနက်မှ ၂၆ ခုသာအဆိုပြုလွှာ ပြန်လည်တင်ပြလာကြောင်း ဝန်ကြီးဌာနမှဖြေကြားချက်ကို ဖော်ပြပေးထားပါတယ်။ အဆိုပါကုမ္ပဏီများရဲ့လုပ်ကွက်များကို လျှောက်ထားရာတွင် ကုမ္ပဏီတစ်ခုကို လုပ်ကွက် ၃ ခုအထိ လျှောက်ထားခွင့်ပြုကြောင်းကိုလည်း ဖော်ပြထားပါတယ်။ ဆက်လက်၍ လုပ်ကွက်သစ် ၁၅ ကွက်ကိုလည်းပဲ ဖော်ပြထားပြန်ပါတယ်။ ၃၀-၈-၂၀၁၃ ရက်နေ့ထုတ်The Voice သတင်းစာမှာလည်း အလားတူဖော်ပြထားပါ တယ်။ အဆိုပါဖော်ပြချက်မှာ ကျွန်တော်တို့မြို့နယ်မပါကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ နတ်မောက်မြို့နယ်ရဲ့အနောက်ဘက် ရေနံချောင်းမြို့နယ် ၂ ခုနှင့် ထိစပ်နေတဲ့နေရာမှာ ဝက်ချုပ်ကျေး ရွာဆိုတာရှိပါတယ်။ အဆိုပါဝက်ချုပ်ကျေးရွာမှာ ရေနံအစမ်းတွင်းဟောင်း ၂ ခုရှိပါတယ်။ တွင်းအမှတ် (၁) ကတော့ ဦးပိုင် ၃၁/၂ ဦးရွှေလှိုင်ရဲ့ယာအတွင်းမှာရှိပြီးတော့၊ တွင်းအမှတ် (၂) ကတော့ ဦးပိုင် ၇၇ ဦးဇာတေးရဲ့ယာအတွင်းမှာရှိပါတယ်။ ဒေသခံများရဲ့ ပြောကြားချက်အရ တွင်းအမှတ်(၂) ဟာ အင်္ဂလိပ် မင်းလက်ထက်က တူးခဲ့တာဖြစ်ပြီးတော့၊ တွင်းအမှတ် (၁) ကတော့ အင်္ဂလိပ်မင်းနှင့် မြန်မာအစိုးရမကွဲမီ BOC ခေတ်ကတူးခဲ့ကြောင်း ပြောပြပါတယ်။ ၎င်းတို့ရဲ့ ပြောပြချက်အရ ဘန်ကာကြီးတွေချပြီး၊ ဆေးရုံကြီးတွေဆောက်ပြီးတော့၊ အလုပ်သမားတန်းလျားတွေ ၂ ခုလောက်ဆောက်ပြီး ရေနံတွင်းတူးပြီး မှပြန်ပိတ်ခဲ့ကြောင်းသိရပါတယ်။ ၎င်း ၂ နေရာကိုလည်း ကျွန်တော်လျှောက်ခဲ့ဖူးပါတယ်။ လျှောက်ထားခဲ့စဉ်ကတော့ လက်ယက်တွင်းတွေဆိုပြီးတော့ လျှောက်

ထားခဲ့တာဖြစ်ပါတယ်။ အမှန်က တော့တွင်းတိမ်မဟုတ်ပါဘူး။ တွင်းနက်ဖြစ်ကြောင်းနှင့် ကျွန်တော် လေ့လာသိရှိခဲ့ရတဲ့အချက်များကို လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များကို အနည်းအကျဉ်းတင်ပြရရင် ၎င်းတွင်းများကို အင်္ဂလိပ်လက်ထက်က မြန်မာပြည်ကထွက်ခွာရတော့မှာ ဖြစ်တဲ့အတွက်ကြောင့် ပိတ်ထားခဲ့ကြောင်းသိရပါတယ်။ နောက်ပြီးတော့အဲ့ဒီနယ်ဟာ အရှေ့တောင် အာရှမှာရှိတဲ့ တစ်ခုတည်းသော ကုန်းတွင်းရေနံအိုင်ကြီးဖြစ်ကြောင်းနှင့် အကယ်၍တူးဖော်အောင်မြင် ပါက ကမ္ဘာပေါ်က အကြီးဆုံးထဲကတစ်ခုဖြစ်တဲ့ ကုန်းတွင်းနှင့်ရေနံနှင့်သဘာဝလုပ်ကွက်လို့ လေ့လာ သိရှိရပါတယ်။ အဲ့ဒီအချက် အမှန်ဖြစ်မယ်လို့လည်း ယူဆပါတယ်။ အခုနတ်မောက်မြို့နယ်ရဲ့ အရှေ့ မြောက်ဘက် ထန်းတပင်ကျေးရွာမှာရှိတဲ့ ကွင်းအမှတ် ၉၂၅ တပ်အိုင်ကွင်းမှာရှိတဲ့ ဦးစိုးဝင်းရဲ့ ယာကွင်းမှာ အလားတူလုပ်ကွက်မျိုး တွေ့ထားကြောင်း သိရပါတယ်။ တွေ့ထားတဲ့နေရာမှာလည်းပဲ အဲ့ဒီကဒေသခံများရဲ့ ပြောကြားချက်အရ အဲ့ဒီအိုင်နဲ့တထပ်တည်းဖြစ်နေတာကို လာပြီးတော့ တွေ့ရ ပါတယ်။ အဆိုပါနေရာကိုလည်းပဲ ဂျီုလ်ထုကရှာဖွေခြင်း၊ လေထုကတိုင်းတာခြင်း၊ ရွာအတွင်းက ပြည်သူများကို အင်တာဗျူးလုပ်ခြင်းများကို ဩဂုတ်လအတွင်းကလုပ်သွားခဲ့ကြောင်း သိရပါတယ်။ ကျွန်တော် ၁ ရက်နေ့ကတင်ပြပြီးတဲ့နောက်မှာ ၁၄ ရက်နေ့မှာတစ်ကြိမ်၊ အဲ့ဒီမှာနောက်လာပြီး တိုင်းတဲ့အခါမှာတော့ဖြင့် ကွင်းအမှတ် ၉၂၄ ဦးသောကြာရဲ့ ယဥ်မွန်တပ်ကွင်းဆိုပြီးတော့ ဖြစ်သွား ပါတယ်။ ၂၀ ရက်နေ့ကတစ်ကြိမ်၊ ၂၄ ရက်နေ့က တစ်ကြိမ်ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရပါတယ်။ ဒါ့ကြောင့်ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ဖြင့် ပြည်ပကုမ္ပဏီများကို ကုန်းတွင်းလုပ်ကွက်များ ချထားပေးရာမှာ ကျွန်တော်တို့နတ်မောက်မြို့နယ် ပါဝင်သင့်ကြောင်းနှင့် ယင်းသို့ချပေးရန်အစီအစဥ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းလိုပါတယ်။ မေးခွန်း အမှတ် (၂) ကတော့ မည်သည့်ကုမ္ပဏီ၊ မည်သည့်နိုင်ငံမှ ပြည်ပအဖွဲ့ဖြစ်သည်ကို သိရှိလိုပါ၍ မေးမြန်း လိုပါတယ်။ မေးခွန်းအမှတ်(၃) ကတော့ ယခင်လက်ပံတောင်းတောင်ကဲ့သို့ မဖြစ်စေရေးနှင့် ဒေသခံ များအလုပ်အကိုင်နှင့်အခွင့်အလမ်းများ ရရှိရေးကို အလေးထားဆောင်ရွက်ရန် အစီအစဥ်ရှိ/မရှိ သိလို ပါတယ်။ မေးခွန်းအမှတ် (၄) ကတော့ ပြည်ပကုမ္ပဏီများကို ကျွန်တော်တို့နတ်မောက်မြို့နယ်သို့ အမြန် ဆုံးချထားပေးပြီးတော့ အမြန်ဆုံးအကောင်အထည်ဖော်စေချင်ပါကြောင်း အကောင်အထည်ဖော်မှု အခြေအနေကို သိရှိလိုပါ၍ ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၏ ပြည်ပကုမ္ပဏီများအား ကုန်းတွင်းလုပ်ကွက်များ ချထားပေးရာမှာ နတ်မောက်မြို့နယ် ပါဝင်သင့်ကြောင်းနှင့် မည်သည့်ကုမ္ပဏီ၊ မည်သည့်နိုင်ငံမှ ပြည်ပအဖွဲ့ဖြစ်သည်၊ ယခင် လက်ပံတောင်းတောင်ကဲ့သို့ မဖြစ်စေရေးနှင့် ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အလေးထားဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ ပြည်ပကုမ္ပဏီများကို နတ်မောက်မြို့နယ် အတွင်းကိုအမြန်ချထားပေးပြီး အကောင်အထည်ဖော်မှုအခြေအနေကို သိရှိလိုသည့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအတွက် ကျွန်တော်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က တပေါင်းတည်းဆက်လက်ပြီး ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံခြားကုမ္ပဏီများနှင့်လည်း အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လုပ်ကွက်များအား ဘူမိဗေဒအနေအထား၊ ဘူမိရုပ်ဝန်းတည်ရှိနေမှုတို့အပေါ်မှာမူတည်ပြီး လုပ်ကွက်နယ်နိမိတ်ဧရိယာများ သတ်မှတ်ထားရှိပါတယ်။ ဘူမိအနေအထားနှင့် ဘူမိရုပ်ဝန်းတည်ရှိမှုအရ နတ်မောက်မြို့နယ်တွင် ကုန်းတွင်းပိုင်းလုပ်ကွက် PSC-G၊ RSF- 3၊ RSF-4 တို့ပါဝင်ပါတယ်။

နတ်မောက်မြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းတစ်ခုလုံးသည် ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် PSC- G အတွင်းမှာ ကျရောက်လျက်ရှိပြီးတော့ ၆-၆-၂၀၁၂ ရက်နေ့မှာ PTTEP SA (Petroleum Authority of Thailand Exploration and Production South Asia) ရေနံကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီးတော့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် နတ်မောက်မြို့နယ်ရဲ့ အနောက်မြောက်ဘက်ခြမ်းသည် ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် RSF- 3 အတွင်း ကျရောက်လျက်ရှိပြီးတော့ ၄-၄-၂၀၁၂ ရက်နေ့တွင် Petronas Carigali Myanmar (မလေးရှား) ရေနံကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နတ်မောက်မြို့နယ်ရဲ့ အနောက်ဘက်ခြမ်းသည် ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် RSF-4 အတွင်းကျရောက်လျက်ရှိပြီးတော့ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံရှာဖွေတူးဖော်ရန် ဆောင်ရွက်နေသောဒေသများ ဖြစ်ပါတယ်။

အဆိုပါလုပ်ကွက်များအနက် နတ်မောက်မြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းမှာ PTTEP SA (Petroleum Authority of Thailand Exploration and Production South Asia) ကုမ္ပဏီမှ မြေပေါ်ဘူမိဗေဒ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများကို ၁၀-၁၂-၂၀၁၂ ရက်နေ့မှ ၂၂-၇-၂၀၁၃ ရက်နေ့အထိ စုစုပေါင်း လိုင်းကီလိုမီတာ ၃၆၉.၄၂၅ ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။ ယခုအခါမှာတိုင်းတာရရှိတဲ့အချက်အလက်များအပေါ်မှာ လေ့လာဆန်းစစ်လျက်ရှိပြီး တော့ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက် တူးဖော်မယ့်တွင်းနေရာ သတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းဆောင်ရွက်စဉ်ကာလမှာ စာရင်းပြုစုတွက်ချက်ရန်အတွက် မိတ္ထီလာ မြို့လေကြောင်းအတတ်သင်တက္ကသိုလ်ဘွဲ့ရတစ်ဦး၊ GTC ကျောင်းဆင်းတစ်ဦးနှင့် အခြားဘွဲ့ရ ၇ ဦး၊ စုစုပေါင်း ၉ ဦးတို့အား တစ်ဦးလျှင် လစာတစ်လ ကျပ်သုံးသိန်းနှုန်းဖြင့်လည်းကောင်း၊ နတ်မောက် မြို့နယ်မှာရှိတဲ့ ကျောက်ခွက်ကျေးရွာနှင့် ဝင်းရွာဝန်းကျင်မှ ယာယီဝန်ထမ်း ၆၀ ဦးတို့အား တစ်ဦးလျှင်လစာကျပ် ခြောက်သောင်းနှုန်းနှင့်လည်းကောင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ ပျော်ဘွယ်၊ မိတ္ထီလာမြို့နယ်များမှ လာရောက်လျှောက်ထားတဲ့သူများထဲမှ လုပ်ငန်းအတွေ့အကြုံ ရှိသူများကို တစ်လလျှင်စရိတ်ငြိမ်း ကျပ်ခုနစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ အတွေ့အကြုံမရှိသေးသူ များအား စရိတ်ငြိမ်း ကျပ်ငါးသောင်း၊ ဒုတိယ/တတိယလများမှာ တစ်လလျှင် ကျပ်ခြောက်သောင်း၊ ကျပ်ခုနစ်သောင်းနှုန်းများဖြင့်လည်းကောင်း ဝန်ထမ်းပေါင်း ၁၂၀ ဦးအားလည်းကောင်း နတ်မောက် မြို့နယ်နှင့်နီးစပ်ရာ မြို့နယ်များမှ ယာဉ်မောင်းများ၊ Vibrator ကားများမောင်းနှင်ရန် ယာဉ်ကြီးမောင်း၊ စက်ပြင်လုပ်သား ၅၀ ဦးခန့်ကိုလည်းကောင်း စုစုပေါင်းဝန်ထမ်း ၂၃၉ ဦးခန့်ကို အလုပ်အကိုင်ရှာဖွေ ပေးနိုင်ခဲ့ပါတယ်။

ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် RSF- 3 အတွင်းပါဝင်သော နတ်မောက်မြို့နယ်ရဲ့အနောက် မြောက်ဘက်ခြမ်းသည် ဘူမိအနေအထားအရ ရေနံတည်ရှိမှု အလားအလာနည်းပါးသောကြောင့် တိုင်းတာဆောင်ရွက်မှုများမရှိခဲ့သော်လည်း နတ်မောက်မြို့နယ်ရဲ့ မြောက်ဘက်မှာ ဘူမိအနေအထား အရ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ နတ်မောက်မြို့နယ်ရဲ့ အနောက် ဘက်ခြမ်း ဝက်ချုပ်ကျေးရွာဒေသဟာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှဆောင်ရွက်လျက် ရှိတဲ့ ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် RSF-4 ဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ

၂၀၁၂-၂၀၁၃ ခုနှစ်မှာ မြေပေါ်ဘူမိဗေဒရှာဖွေရေးလုပ်ငန်းနှင့် ဘူမိရူပဗေဒဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါတယ်။ ဆိုက်စမစ်လိုင်း ကီလိုမီတာ ၁၄၇.၂၅ တိုင်းတာခဲ့ပြီးတော့ ယခုအခါမှာညောင်ကုန်းဒေသနှင့် ရေထွက်ဒေသမှာ ရှာဖွေရေးတွင်းများတူးဖော်ရန် လျာထား သတ်မှတ်ထားရှိပါတယ်။ ရေထွက်ဒေသမှာ ယခင်က ဘီအိုစီမှ တွင်းများတူးဖော်ခဲ့ရာ တွင်းအမှတ် ၄ မှာအနက်ပေ ၃၅၀၀ ဝန်းကျင်မှ ဓာတ်ငွေ့ ၀.၂ ကုဗပေသန်းသာ စမ်းသပ်ရရှိခဲ့ပါတယ်။

ယခုအခါ နတ်မောက်မြို့နယ်အတွင်းမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ရှာဖွေတိုင်းတာ ဆောင်ရွက်လျက်ရှိပြီး ၎င်းမှရရှိသောအချက်အလက်များအပေါ် မူတည်ပြီးတော့ ရှာဖွေရေးတွင်းများ တူးဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီးပွားဖြစ်ရေနံနှင့် သဘာဝဓာတ်ငွေ့တွေ့ရှိပါက ဖွံ့ဖြိုးရေး စီမံကိန်းများ ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီးတော့ ဒေသခံနှင့်ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း များနှင့် ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွမ်းကျင်မှုမလိုအပ်တဲ့လုပ်ငန်းများမှာ မြန်မာ နိုင်ငံသားများကိုသာခန့်ထားရန်၊ မြန်မာနိုင်ငံသားများ လုပ်ငန်းကျွမ်းကျင်မှုရှိရန်အတွက် သင်တန်း များ၊ လက်တွေ့လုပ်ငန်းများဆောင်ရွက်နိုင်ရေးစီစဉ်ပေးရန်၊ လုပ်ငန်းဆောင်ရွက်တဲ့ ပထမ ၂ နှစ်မှာ ကျွမ်းကျင်လုပ်သားများ ၂၅ ရာခိုင်နှုန်းခန့်အပ်တာဝန်ပေးရန်၊ ဒုတိယ ၂ နှစ်မှာ ကျွမ်းကျင်မြန်မာ နိုင်ငံသား အနည်းဆုံး ၅၀ ရာခိုင်နှုန်းခန့်အပ်တာဝန်ပေးရန်၊ တတိယ ၂ နှစ်မှာ ကျွမ်းကျင်မြန်မာ နိုင်ငံသား အနည်းဆုံး ၇၅ ရာခိုင်နှုန်းခန့်အပ်တာဝန်ပေးရန်ကို သက်ဆိုင်ရာကုမ္ပဏီများကို အသိပေး ညှိနှိုင်းအကြောင်းကြားပြီးဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းများအား တစ်ပေါင်းတည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**၁၉၀၈ ခုနှစ်၊ မတရားအသင်းများအက်ဥပဒေအား လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းကို အချိန်မီဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်အခုမေးမယ့်မေးခွန်းဟာ ပြီးခဲ့တဲ့ သတ္တမအကြိမ် ပုံမှန်အစည်းအဝေးမှာ တင်ပြမေးမြန်းခဲ့ တဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးဦးစီးကျင်းပမယ့် တစ်ပြည်လုံးအတိုင်း

အတားနဲ့အပစ်ရပ် ရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးခြင်းနှင့် နိုင်ငံရေးဆွေးနွေးမှုများ ကျင်းပပြုလုပ်ရန်ရည်ရွယ်ထားတဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေးညီလာခံ သို့မဟုတ် ပြည်ထောင်စုညီလာခံ National Dialogue ကျင်းပနိုင်ရန်နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်နေတဲ့အကြောင်း ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၈- ၆-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စု ငြိမ်းချမ်းရေး၊ ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင် မင်းကပြောကြားသွားတာကို ဝမ်းမြောက်စွာ ကျွန်တော်တို့ကြားသိခဲ့ရပါတယ်။ ဒါ့အပြင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ဖြစ်တဲ့ ၁၇-၇- ၂၀၁၂ မှာ ဦးသိန်းညွန့်၊ သယ်နီးကျွန်းမဲဆန္ဒနယ်က တင်သွင်းခဲ့တဲ့အဆိုဖြစ်တဲ့ မတရားအသင်းများအက်ဥပဒေ ၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ်(၁၄) ကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်လက်ခံ ဆွေးနွေးဖို့ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာခင်ကျင်းပတော့မယ့် ပြည်ထောင်စုညီလာခံ National Dialogue အတွက်ကြိုတင်ပြင်ဆင်ရာမှာလည်းကောင်း၊ အပစ်ရပ်သဘောတူညီမှုရရှိရေး၊ ရရှိပြီးအပစ်ရပ် သဘောတူညီချက်များ တည်တံ့ခိုင်မြဲရေးတို့အတွက် ကြားဝင်ဆောင်ရွက်ပေးကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များအပါအဝင် လူပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းများက လွတ်လပ်ပွင့်လင်းစွာ ဆောင်ရွက် နိုင်ရန်အတွက်လည်းကောင်း၊ မတရားအသင်းအဖြစ် သတ်မှတ်ခံထားရဆဲ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆက်စပ်ပတ်သက်နေရတဲ့သူများအတွက် လည်းကောင်း များစွာအဟန့်အတားဖြစ်နေတဲ့ မတရားအသင်းများအက်ဥပဒေပါပုဒ်မ ၁၇(၁)၊ ၁၇(၂) တို့ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းပြုလုပ်ရန် အရေးတကြီးလိုအပ် နေပြီဖြစ်ပါတယ်။ အကြောင်းမှာ ၎င်းဥပဒေပုဒ်မ ၁၇(၁) အရ မတရားအသင်းတစ်ခုခုရဲ့ အစည်းအဝေးမှာ ပါဝင်ဆောင်ရွက်လျှင်သော်လည်းကောင်း၊ အသင်းအတွက်ငွေကြေးထောက်ပံ့လျှင် သို့မဟုတ် လက်ခံလျှင် သို့မဟုတ် တောင်းခံလျှင်သော်လည်းကောင်း၊ အသင်းလုပ်ငန်းတွင် တစ်နည်း နည်းဖြင့် ကူညီလျှင်သော်လည်းကောင်း ပြစ်ဒဏ်ကျခံစေရမယ်ဆိုတာ ပြဋ္ဌာန်းထားရှိပါတယ်။ ထိုနည်းတူစွာ ပုဒ်မ ၁၇(၂)မှာ မတရားအသင်းကို စီမံအုပ်ချုပ်လျှင် သို့မဟုတ် စီမံအုပ်ချုပ်မှုကို ကူညီလျှင်သော်လည်းကောင်း၊ အသင်းရဲ့အစည်းအဝေးအတွက် ဆော်ဩကမကထပြုလျှင် သို့မဟုတ် ကူညီလျှင်သော်လည်းကောင်း ပြစ်ဒဏ်ကျခံစေရမည်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါ့ကြောင့် အကြောက်တရားကြောင့်အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ထိုမတရားအသင်းအဖြစ် သတ်မှတ်

ခံနေရတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရသူများဟာ အဲ့ဒီပုဒ်မများဖြင့် လိုရာဆွဲစွပ်စွဲခံရာတာ၊ တချို့လည်းတရားရုံးရောက် အပြစ်ပေးခံရပါတယ်။ အချို့ အထူးသဖြင့် ကျေးရွာသားများဟာ နှိပ်စက်ညှင်းပမ်းခံရပြီးတော့ အသက်ပင်ဆုံးရှုံးရတဲ့ သာဓကများစွာရှိပါတယ်။ ဥပမာတစ်ခုကို တင်ပြရမယ်ဆိုရင် ကျွန်တော်ပူးတွဲတင်ပြခဲ့တဲ့ ဓာတ်ပုံပါအတိုင်း နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာအုပ်စုက ရွာသားနှစ်ဦးအနက် တစ်ဦးဟာ ၂၀၁၃ ခုနှစ် ဇွန်လနောက်ပိုင်းမှာ ထိုကဲ့သို့စွပ်စွဲနှိပ်စက်ခံရမှုကြောင့် သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအနီးမှာ ဆုံးပါးခဲ့ရပြီး တောထဲမှာ တိတ်တဆိတ်မြှုပ်နှံခြင်း ခံခဲ့ရတဲ့အဖြစ်မျိုးတွေရှိခဲ့ပါတယ်။ ထိုဖြစ်ရပ်မျိုးများစွာရှိခဲ့ပေမယ့်လည်း အကြောက်တရားကြောင့် ဖြစ်ရပ်မှန်များကို တရားသဖြင့်စီရင်ခံရမှု အလွန်နည်းပါးတာကို တွေ့ရှိရပါတယ်။ ထိုသို့သောသာဓကများကြောင့် ငြိမ်းချမ်းရေးအတွက် ကူညီဆောင်ရွက်လိုတဲ့ လူပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းများဟာလည်း နောက်တွန့်ပြီးတော့ မဝံ့မရဲနဲ့သာပါဝင်ဆောင်ရွက်နေကြရတာကို တွေ့ရှိရပါတယ်။ ဒီဥပဒေပုဒ်မများရဲ့အကျိုးဆက်ကြောင့်လည်း ပြည်တွင်းမှာ စစ်ရှောင်ဒုက္ခသည်စခန်းများ၊ ရွာပုန်းရွာရှောင်တိုင်းရင်းသားများ၊ ရွာလုံးကျွတ်တစ်ဖက်အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရခြင်းများပေါ်ပေါက်လာစေတဲ့ဖြစ်ရပ်များစွာ ရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မကြာမီကျင်းပမယ့် ပြည်ထောင်စုညီလာခံ National Dialogue အတွက် ကြိုတင်ပြင်ဆင်ရာမှာလည်းကောင်း၊ အပစ်ရပ်သဘောတူညီမှုရရှိရေး၊ ရရှိပြီးအပစ်ရပ်သဘောတူညီချက်များ တည်တံ့ခိုင်မြဲရေးတို့အတွက် ကြားဝင်ဆောင်ရွက်ပေးကြမယ့်၊ ကြားဝင်ဆောင်ရွက်ပေးနေကြတဲ့ လူပုဂ္ဂိုလ်များ၊ ပါတီများ၊ အဖွဲ့အစည်းများလွတ်လပ်စွာ၊ ပွင့်လင်းစွာနှင့် ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ မတရားအသင်းလို့ သတ်မှတ်ခံနေရဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆက်စပ်ပတ်သက်နေရတဲ့သူများအတွက်လည်းကောင်း များစွာအဟန့်အတားဖြစ်နေတဲ့ ၁၉၀၈ ခုနှစ်၊ မတရားအသင်းများအက်ဥပဒေကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိုအချိန်မီဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်

တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရှမ်းပြည်နယ် မူဆယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်ရဲ့ မေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေအရ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီမှာ နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်သူအများစုရဲ့ ဆန္ဒဖြစ်တဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးနေတာတွေ့ရှိရမှာဖြစ်ပါတယ်။ အဲ့ဒီလို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာမှာ အရာရာကို တရားဥပဒေအတိုင်းဖြစ်စေဖို့အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အပိုင်း(၃)ပိုင်းခွဲပြီး ဆောင်ရွက်ခဲ့တဲ့နေရာမှာ ပထမအဆင့်အနေနဲ့ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ပြီး ဒုတိယအဆင့်အနေနဲ့ ထိတွေ့ဆက်ဆံဆွေးနွေးပြီး ယုံကြည်မှုကို တည်ဆောက်ခဲ့ပါတယ်။ အဲ့ဒီလို ဆွေးနွေးတဲ့နေရာမှာ အခြေခံမူ(၈)ချက်ကိုချမှတ်ပြီးတော့ ဆွေးနွေးညှိနှိုင်းခဲ့လို့ ယခုအခါမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အထိုက်အလျောက် သဘောတူညီချက်များရရှိနေပြီ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဆက်လက်ပြီး တတိယအဆင့်အနေနဲ့ အင်အားစုအားလုံးပါဝင်တဲ့ နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးအစည်းအဝေးတွေကျင်းပပြီး ငြိမ်းချမ်းရေးသဘောတူညီချက်ကို ရယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဲ့ဒီလို အခြေခံမူ(၈)ချက်ချမှတ်ပြီးတော့ ဆွေးနွေးညှိနှိုင်းတဲ့နေရာမှာ အချို့အချက်များသာ ဆွေးနွေးညှိနှိုင်းနိုင်ပြီး ဆက်လက်ညှိနှိုင်းဖို့ အဆင့်များ ကျန်ရှိနေတဲ့အပြင် အဲ့ဒီအဖွဲ့အစည်းအားလုံးရဲ့ လက်ဝယ်မှာ လက်နက်များရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် အချိန်မရွေး မမျှော်လင့်နိုင်တဲ့ အခြေအနေ များပေါ်ပေါက်လာနိုင်တဲ့အတွက် အဲ့ဒီအခြေအနေများ မဖြစ်လာနိုင်ရေးအတွက် ဟန့်တားနိုင်ဖို့ ဥပဒေတစ်ရပ်ရှိဖို့လိုအပ်နေသေးကြောင်းလည်း တွေ့ရှိရပါတယ်။ ၁၉၀၈ ခုနှစ် မတရားအသင်းများ အက်ဥပဒေကို ပြဋ္ဌာန်းထားခြင်းရဲ့ရည်ရွယ်ချက်က အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုကို ကျူးလွန်ရန် အားပေးသည့် ကူညီသည့်အသင်း သို့မဟုတ် အသင်းအဖွဲ့ဝင်များက အဆိုပါ အပြုအမူကို ကျူးလွန် လေ့ရှိသော အသင်းအဖွဲ့များအား ထိရောက်ဟန့်တားဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ် ပါတယ်။

နိုင်ငံတော်အစိုးရအဆက်ဆက်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ပဋိပက္ခများ ချုပ်ငြိမ်းပြီးတော့ ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ခဲ့လို့ ၁၉၉၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့ကစ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ကို မတရားအသင်းမှ ပယ်ဖျက်ခဲ့ပြီးဖြစ်ပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို ထာဝရငြိမ်းချမ်းရေးရရှိရန် ယုံကြည်ချက်နဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပေမယ့်လည်း အချို့ အဖွဲ့အစည်းများအနေနဲ့ ပြည်သူလူထုကို အဓမ္မဖမ်းဆီးခေါ်ဆောင်မှုများ၊ တံတား၊ အဆောက်အဦ၊ မော်တော်ယာဉ်များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး၊ မီးရှို့မှုနဲ့ဖောက်ခွဲပစ်ခတ်မှုများ စတဲ့အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်းများကြောင့် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(၂) ပုဒ်မခွဲ ငယ်(က)အရ ပုဒ်မ ၁၇ ပုဒ်မခွဲ(၁)နဲ့ ပုဒ်မခွဲ(၂)တို့အရ အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ ရပါတယ်။ အဲ့ဒီလိုအဖျက်လုပ်ငန်းများ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းနဲ့အဖွဲ့ဝင်များ၊ ၎င်းအဖွဲ့ အစည်း၊ အဖွဲ့ဝင်များကို ဆက်သွယ်ကူညီအားပေးနေတဲ့ မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီ၊ သာမန် ပြည်သူများကိုဖြစ်စေ တည်ဆဲဥပဒေဖြစ်တဲ့ မတရားအသင်းများအက်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ အညီ အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။

၎င်းမတရားအသင်းများအက်ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(၁)နဲ့ ပုဒ်မခွဲ(၂)တို့အရ အရေးယူဆောင် ရွက်ရာမှာ ဒီပြစ်မှုနဲ့စပ်လျဉ်းလို့ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းက စုံစမ်းစစ်ဆေးတွေ့ရှိချက် များအရ တားမြစ်ချက်ကိုကျူးလွန်ရန် ရည်ရွယ်ဦးတည်ချက်ရှိကြောင်း သက်သေခံအထောက်အထား မလုံလောက်မခိုင်လုံဘူးဆိုလို့ရှိရင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ အရ အာမခံသူများနဲ့ ဖြစ်စေ၊ အာမခံသူများမပါဘဲနဲ့ဖြစ်စေ ခံဝန်ချုပ်ချုပ်ဆိုပြီးတော့ စွပ်စွဲခံရသူကိုလွှတ်ပေးရမှာဖြစ်ပါ သည်။ ဒါမှမဟုတ် သက်သေခံအထောက်အထားလုံလောက်ခိုင်လုံတယ်ဆိုလို့ရှိရင် မြို့နယ်ဥပဒေ အရာရှိရဲ့ဥပဒေအကြံပြုချက်နဲ့အညီ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ ပုဒ်မခွဲ(၁)အရ စစ်ဆေး စီရင်ပိုင်ခွင့်ရှိတဲ့ သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်တင်ပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ စွပ်စွဲခံရ သူအနေနဲ့ တရားစီရင်ရေးဆိုင်ရာမူများနဲ့အညီ သက်ဆိုင်ရာတရားရုံးမှာ ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း သက်သေထင်ရှားပြခွင့်ရရှိထားပြီးဖြစ်တဲ့အပြင် ချမှတ်တဲ့ပြစ်ဒဏ်ကို မကျေနပ်ပါက တရားရုံးအဆင့်ဆင့်သို့ အယူခံပိုင်ခွင့်ရှိကြောင်းကိုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အဲ့ဒါကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကိုပျက်ပြားစေရန် ဖြစ်ပေါ်လာတဲ့ မည်သည့် အကြမ်းဖက်မှုများကိုမဆို ထိထိရောက်ရောက်အရေးယူဆောင်ရွက်ရမှာသာဖြစ်ပါတယ်။ အကြမ်းဖက်

မှုဖြစ်စဉ်အတိမ်အနက်နဲ့ ပြစ်မှုကျူးလွန်သူများရဲ့ ရည်ရွယ်ချက်နဲ့စပ်လျဉ်းလို့ စစ်ဆေးပေါ်ပေါက်ချက်များအရ သက်ဆိုင်ရာတရားရုံးများက ထိရောက်စွာ ပြစ်ဒဏ်ချမှတ်ရေးကို လိုအပ်သလို ချင့်ချိန်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အချိန်အခါမရွေး ဘာသာရေး၊ လူမျိုးရေးအကြမ်းဖက်မှုများဖြစ်ပေါ်လာနိုင်တဲ့အတွက် မတရားအသင်းများအက်ဥပဒေကို ပယ်ဖျက်ရန်မသင့်ပါ။ သို့ဖြစ်ရာ မတရားအသင်းမှ ကြေ်ငြာထားခြင်းကိုပယ်ဖျက်ရန် သင့်/မသင့်သာ ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်ပါတယ်။

တည်ဆဲဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ Law and Practice ဆိုတဲ့ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ဆောင်ရွက်တဲ့အဖွဲ့အစည်းများရဲ့ အကောင်အထည်ဖော်မှုမှာ အားနည်းချက်ကြောင့် ဥပဒေရဲ့အကျိုးတရားများဖြစ်မလာဘဲ လွဲမှားမှုများရှိနိုင်ပါတယ်။ ဒါ့ကြောင့် အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းများရဲ့အားနည်းချက်များ မဖြစ်ပေါ်စေရေးအဓိကဖြစ်ပြီး ဥပဒေကိုပယ်ဖျက်ရေးက အဓိကမဟုတ်ကြောင်းတွေ့ရှိရပါတယ်။ နိုင်ငံတော်မှာ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုတဲ့ မဏ္ဍိုင်ကြီး(၃)ရပ်က ထိန်းညှိပေးလျက်ရှိလို့ လွတ်လပ်စွာ တရားစီရင်ခွင့်ရရှိပြီးဖြစ်ပါတယ်။ ထို့အတူ ဖွဲ့စည်းပုံခြေခံဥပဒေပါ ပြည်သူများ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကိုလည်း ထိန်းကျောင်းတည့်မတ်ပေးနိုင်မယ့် လူ့အခွင့်အရေးကော်မရှင်လည်းရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် အများပြည်သူရဲ့ဆန္ဒနဲ့အညီ ဥပဒေပြုနိုင်တဲ့ လွှတ်တော်အရပ်ရပ်လည်းရှိနေပြီဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဲ့ဒီအခြေအနေများက အားနည်းချက်များကို ကာကွယ်ကုစား အကောင်အထည်ဖော်နိုင်မယ့်နည်းလမ်းများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဲ့ဒီ Check and Balance ဖြစ်မယ့် ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းများရဲ့ ထိန်းကျောင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဆက်များအရ ဥပဒေကိုပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းအဆင့်အထိ စဉ်းစားရန်မလိုအပ်ကြောင်းတွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ဒီဥပဒေကို တိုးတက်ပြောင်းလဲတဲ့ နိုင်ငံရေးဖြစ်စဉ်များနဲ့အညီလေ့လာသုံးသပ်ပြီး နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်လိုအပ်သလို ပြင်ဆင်/ဖြည့်စွက်ခြင်းသည်သာ သင့်တော်မည်ဖြစ်ကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အင်္ဂပူမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းအတွက် မီးငြိမ်းသတ်ယာဉ်တစ်စီး ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ကိုယ်စား ဒေါက်တာစိုးသူရ၊ ကျုံ့ပျော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံ့ပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကျုံ့ပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်း ဒေသကြီး၊ အင်္ဂပူမြို့နယ်သည် ရပ်ကွက်ကြီး ၃ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၇၆ အုပ်စုပါရှိပါတယ်။ အင်္ဂပူမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှာ ၁၉၆၂ ခုနှစ်ကထုတ်ပေးထားတဲ့ ရေဂါလန် ၈၅၀ ဆံ့ မြင်းကောင် ရေ ၁၁၅ ရှိ တိုယိုတာမီးသတ်ယာဉ်တစ်စီးနဲ့ ၂၀၀၇ ခုနှစ်က အလှူရှင်တစ်ဦးလှူဒါန်းတဲ့ ရေဂါလန် ၁၂၀၀ ဆံ့ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မီးဘေးအန္တရာယ်ကာကွယ်မှုလုပ်ငန်းများနှင့် အရေးပေါ်ကိစ္စ များကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ တိုယိုတာမီးသတ်ယာဉ်ဟာ ၅၁ နှစ်ကျော်ပြီးဖြစ်တဲ့ အတွက် အင်ဂျင်ပိုင်း၊ ဘရိတ်ပိုင်းများ ပျက်စီးယိုယွင်းလျက်ရှိတဲ့အတွက်ကြောင့် လုပ်ငန်းဆောင်ရွက် မှုများမှာ အခက်အခဲများစွာနဲ့တွေ့ကြုံနေရပါတယ်။ သို့အတွက်ကြောင့် နိုင်ငံတော်အနေဖြင့် အင်္ဂပူ မီးသတ်တပ်ဖွဲ့စခန်းအတွက် မီးသတ်ယာဉ်တစ်စီး ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်ရှိ/မရှိသိရှိလိုပါ ကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**[ဦးမောင်မောင်စိုး၊ အင်္ဂပူမဲဆန္ဒနယ်ကိုယ်စား ဒေါက်တာစိုးသူရ၊ ကျုံ့ပျော်မဲဆန္ဒနယ် မှ မေးမြန်းပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးမောင်မောင်စိုးရဲ့ကိုယ်စား ကျုံ့ပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ

စိုးသူရရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်ဟာ မြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်၊ မြို့ပေါ်အိမ်ခြေ ၁၁၉၁ လုံး၊ မြို့ပေါ် လူဦးရေ ၆၄၄၁ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၃၇ လုံးနဲ့ စက်ရုံ/အလုပ်ရုံ ၁၃ လုံးရှိပါတယ်။ ၁၀ နှစ်အတွင်းမှာ မီးလောင်မှု ၁၂ ကြိမ်ဖြစ်ပွားပြီး တန်ဖိုးကျပ် ၈၀၆၈၂၀၀ ဆုံးရှုံးခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်က ၃-ယူနစ်အဆင့် မီးသတ်စခန်းဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီး လက်ရှိ ဒုတိယမီးသတ်ဦးစီးမှူး ၁ ဦး၊ မီးသတ်တပ်ကြပ်ကြီး ၁ ဦး၊ မီးသတ်တပ်ကြပ် ၃ဦးနဲ့ မီးသတ်တပ်သား ၅ ဦး၊ စုစုပေါင်း ၁၀ ဦး၊ တိုယိုတာမီးငြိမ်းသတ်ယာဉ် ၁ စီးနဲ့ အေအိုလပ် မီးသတ်ရေသယ်ယာဉ် ၁ စီး၊ စုစုပေါင်း မီးသတ်ယာဉ် ၂ စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၁၅ ဦးတို့ဖြင့် အင်္ဂပူမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အင်္ဂပူမြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းမှာရှိတဲ့ တိုယိုတာမီးငြိမ်းသတ်ယာဉ်က ရေဂါလန် ၆၅၀ ဆံ့ ရေတိုင်ကီတပ်ဆင်ထားရှိပြီးတော့ သင့်အနေအထားမှာပဲရှိပါတယ်။ အဆိုပါ မီးငြိမ်းသတ်ယာဉ်က ခေတ်မီမီးငြိမ်းသတ်ယာဉ်မဟုတ်ပေမယ့်လည်း မီးငြိမ်းသတ်ရေးလုပ်ငန်းများမှာ အထောက်အကူပြုနိုင်တဲ့ မီးသတ်ယာဉ်ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်က ၃-ယူနစ်အဆင့် မီးသတ်စခန်းဖွဲ့စည်းပုံခွင့်ပြုထားတဲ့အတွက် ဖွဲ့စည်းပုံအရ မီးသတ်ယာဉ် ၃ စီးထားရှိရမှာဖြစ်လို့ ယူနစ်သတ်မှတ်ချက် ပြည့်မီစေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နောက်ထပ်မီးသတ်ယာဉ် ၁ စီးဖြည့်ဆည်းပေးရန် ဘဏ္ဍာငွေခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေဖြင့် မီးသတ်ယာဉ်ဝယ်ယူရေးစီမံဆောင်ရွက်လျက်ရှိပြီး ဝယ်ယူပြီးပါက မီးသတ်ယာဉ် ၁ စီးကို ထုတ်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် မြို့နယ်တိုင်းမှာရှိတဲ့ မြို့နယ်မီးသတ်စခန်းများအားလုံးကို ဝန်ထမ်းအင်အား ၃၁ ဦး၊ မီးငြိမ်းသတ်ယာဉ် ၂ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီးနဲ့ မီးသတ်စက်ယာဉ် ၁ စီး၊ စုစုပေါင်းမီးသတ်ယာဉ် ၄ စီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်း ဖွဲ့စည်းပုံအသစ်နဲ့ တိုးချဲ့နိုင်ဖို့အတွက် နိုင်ငံတော်သို့ဖွဲ့စည်းပုံခွင့်ပြုမိန့် တင်ပြတောင်းခံထားရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပါက အင်္ဂပူမြို့နယ် မီးသတ်စခန်းရဲ့ ဖြည့်တင်းရန်လိုအပ်ချက်များအတွက် ဘဏ္ဍာငွေခွင့်ပြုမိန့်အရ ဖြည့်တင်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသော ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသော ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ဖြစ်သော ၂၅-၁၀-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ရာ ပြင်ဆင်ချက် ၉ ခုအနက် ၈ ခုကိုဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကျန်တဲ့တစ်ချက်နဲ့စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ လက်ဝယ်မှာရှိတဲ့ ကန့်လန့်ဖြတ်ဇယားကိုကြည့်ခြင်းဟာ ပိုပြီးတော့ရှင်းလင်းလွယ်ကူမှာဖြစ်ပါတယ်။ အဲ့ဒီနေ့က ဦးဝင်းမြင့်၊ ပြည်ကလည်း ခွင့်ယူထားပါတယ်။ အဲ့ဒီအချိန်မှာပဲ ဒီ စာမျက်နှာ ၁ အမှတ်စဉ် ၄ နဲ့ပတ်သက်ပြီးတော့ ပယ်ဖျက်ဖို့ မပယ်ဖျက်ဖို့ လွှတ်တော်အတွင်းမှာ ဆွေးနွေးတဲ့အခါမှာ ဥပဒေကြမ်းအဖွဲ့ဝင်ဖြစ်တဲ့ ဦးဘရှိန်က ပြန်လည်စဉ်းစားသင့်တယ်ဆိုတဲ့ အကြောင်းအရာပေါ်ပေါက်ခဲ့တဲ့အတွက် ရွှေ့ဆိုင်းခဲ့တဲ့ကိစ္စကို ယနေ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုကျန်ရှိတဲ့ကိစ္စနှင့်ပတ်သက်ပြီး ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ပြင်ဆင်ချက်တစ်ချက် ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။ ဦးဝင်းမြင့်အား ရှင်းလင်းတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၅ အရ ပုဒ်မခွဲ(စ) အသစ်ဖြည့်ဆွက်တဲ့ ပုဒ်မဟာ ကျွန်တော့်အနေနဲ့ ရုံးဌာနများမှာ လူပုဂ္ဂိုလ်များရဲ့ ဓါတ်ပုံများချိတ်ဆွဲမယ့်အစား နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကိုသာချိတ်ဆွဲသင့်ကြောင်း ဝင်ရောက်ပြီးတော့ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ ကန့်သတ်ရေးအက်ဥပဒေ မူလဥပဒေရဲ့ ပုဒ်မ၂၊ ပုဒ်မခွဲ(က) မှာ နိုင်ငံတော်အထိမ်းအမှတ်ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်တစ်ခု၏ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတစ်ခု၏ သို့တည်းမဟုတ် ထိုနိုင်ငံ၏ တစ်စိတ်တစ်ဒေသ၏ အလံ၊ သို့တည်းမဟုတ် တံခွန်၊

သို့တည်းမဟုတ်အခြားအထိမ်းအမှတ်ကို ဆိုလိုသည့်အပြင် ထိုစကားရပ်တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၊ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတစ်ခု၊ သို့တည်းမဟုတ် ထိုနိုင်ငံ၏ တစ်စိတ်တစ်ဒေသ၏ အသက်ထင်ရှားရှိသော၊ သို့တည်းမဟုတ် ကွယ်လွန်ပြီးသော အမျိုးသားခေါင်းဆောင်ဓါတ်ပုံကိုလည်းကောင်း၊ အမျိုးသားခေါင်းဆောင်နှင့် ဆင်တူရိုးမှားဖြစ်အောင် တစ်နည်းနည်းဖြင့်ပြုလုပ်ထားသောပုံသည်လည်းကောင်း၊ နိုင်ငံတော်အထိမ်းအမှတ်နှင့် ဆင်တူရိုးမှားဖြစ်သောအရာဝတ္ထုသည်လည်းကောင်း ပါဝင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ပုဒ်မ ၅၊ ပုဒ်မခွဲ(စ)ဟာ ပယ်ဖျက်ရန်ဖြစ်လာတဲ့အတွက် ကျွန်တော့်ပြင်ဆင်ချက်ပါ ပယ်ဖျက်ပေးပါရန်နှင့် ပြင်ဆင်ချက်အဆိုဖြစ်တဲ့ ပုဒ်မခွဲ(စ) အားအသစ်ဖြည့်စွက်ရန်မလိုဘဲ ပယ်ဖျက်ပေးပါရန်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကို တင်သွင်းတဲ့ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်နှင့်ကာယကံရှင်ဖြစ်တဲ့ ဦးဝင်းမြင့်တို့ဒါကလည်း ပြန်လည်ရုပ်သိမ်းကြောင်း၊ ပယ်ဖျက်ကြောင်း၊ သဘောတူထားပြီးဖြစ်တဲ့အပြင် ဥပဒေပိုင်းဆိုင်ရာအချက်အလက်လည်းပြည့်စုံပြီဖြစ်ပါသဖြင့် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ် တင်ပြတဲ့အတိုင်းပယ်ဖျက်ခြင်းအား ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်က အဆိုပြုပြဋ္ဌာန်းချက်ကို ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံခဲ့ပါတယ်။ လွှတ်တော်က ဦးဝင်းမြင့်၊ ပြည်ရဲ့တင်ပြချက်၊ အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဥ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်

အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထား သည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အငှမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အငှမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အငှမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အငှမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၁၁း၃၅ အချိန်တွင် ပြီးဆုံးပါသည်။ ]